
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

## နတ်ကိုင်ကြိမ်


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၄၆၃၁၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၃၃၁၂၁၁ |
| | | ပထမအကြိမ် |
| | | ၂၀၁၂ ခုနှစ်၊ မေလ |
| ထုတ်ဝေသူ | - | ဦးမောင်မောင်မြင့်အေး(လာဘ်မိုးဆွေစာပေ) အမှတ် (၂၀၅-က)၊ ပိတောက် ၅-လမ်း၊ မြို့သစ် (၈)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြဲ-၀၅၄၁၇) ရွှေခြင်္သေ့ပုံနှိပ်တိုက် အမှတ် (၂၀၈)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Ma O' Sar |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - | ရွှေမင်းသမီးစာပေ၊ ဖုန်း- ၀၉-၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

၈၉၅-၈၃

မအိုစာ

နတ်ကိုင်ကြိမ် / မအိုစာ - ရန်ကုန် ။

လာဘ်မိုးဆွေစာပေ၊ ၂၀၁၂

၁၁၇ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊

(၁) နတ်ကိုင်ကြိမ်


www.burmeseclassic.com

www.burmeseclassic.com

# နတ်ကိုင်ကြိမ်

မဒိုတာ

www.burmeseclassic.com

www.burmeseclassic.com

## မဒီအာ ၏ ထွက်ရှိပြီး စာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည

၂။ မလှစုန်းယိုး

၃။ အရှင်လတ်လတ်

၄။ ကနားစီးဒေဝါ

၅။ ခေါင်းတလားရောဇာ

၆။ နတ်ကဝေမယ်

၇။ မျှဉ်ထောင်ကတော်နတ်

၈။ ပုဏ္ဏားပျံစံအိမ်

၉။ ခုတင်နံပါတ် ၃၁

၁၀။ ဘုံစာကျွေးတဲ့နေ့

၁၁။ နတ်ကျားဝိညာဉ်

၁၂။ မာတင်

၁၃။ ဘီလူးနက္ခတ်

၁၄။ မိုးကြိုးအလောင်း

၁၅။ နစ်ဘဝရွှေသိုက်

၁၆။ မိုးနတ်ဒေဝီ

၁၇။ ကျိန်

၁၈။ မရဏစာရွက်

၁၉။ မိစ္ဆာအိုး

၂၀။ လေးကျွန်းမှော်

၂၁။ ရဲမက်တစ္ဆေ

၂၂။ ရွှေတောင်ရွာသူ မချမ်းသာ

၂၃။ ပတ္တမြားဝိညာဉ်

၂၄။ မိမိလေး

၂၅။ နစ်တစ်ရာဂူသချိုင်း

၂၆။ ဝိညာဉ်မှတ်တမ်း


ယခု ...နတ်ကိုင်ကြိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။

BURMESE CLASSIC

အကြံပြုစာ ရေးသားပေးပို့သူ ဝရိသတ်အားလုံးကို
လက်မှတ်ထိုးထားသောစာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

(၁၉၈၂...ခုနှစ် ဝန်းကျင်ကာလ)

"အား ... နာတယ်၊

အောင်မယ်လေး ကယ်ကြပါဦးတော့"

ငယ်သံပါအောင် အော်ဟစ်လိုက်တဲ့ အသံကြီးက [illegible] တောရွာရဲ့ နံနက်ခင်းကို အကျည်းတန်သွားစေတယ်။

www.burmeseclassic.com



"ဟ ... ဘယ်ကအသံလဲကွ၊ သွားရအောင်
ဟေ့၊ ရှာလယ်ပိုင်းကကွ၊ အလယ်ပိုင်းက"

ဆိုတဲ့ အသံတွေ ပွက်လောရိုက်သွားပြီး တစ်ရွာလုံး ယောက်ယက်ခတ်သွားတယ်။

အသံက သူကြီးဦးပွင့်ရဲ့ ခြေတံရှည်အိမ်ကြီးပေါ်က ထွက်ပေါ်လာတယ်။

ရွာသူရွာသားတွေဟာ သူကြီးရဲ့အိမ်ပေါ်ကို အပြေးအလွှား တက်ကြည့်တဲ့အခါမှာတော့ ...

"ကယ် ... ကယ်ကြပါဦး၊ နာတယ် အရမ်း
နာတယ်"

သူကြီးသမီး မြပွင့်ဟာ ညာဘက်လက်ကို ကျန်လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ရင်း ကြမ်းပေါ် လူးလိမ့်နေရှာတယ်။

ရွာသားတွေအားလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတဲ့ သူကြီးကိုကြည့်ရင်း ...

"ဘာဖြစ်တာလဲ ... မြပွင့် ဘာဖြစ်တာလဲ သူကြီး"
လို့ ဝိုင်းဝန်းမေးမြန်းကြကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးပွင့်က သမီးဖြစ်သူနံဘေး ဆောင့်ကြောင့်ထိုင်လျက် ...

"ဘာဖြစ်မှန်းကို မသိဘူးဟာ၊ သူ့အသံကြားလို့ ငါ ထွက်ကြည့်မှ ဒီလိုဖြစ်နေတာ တွေ့ရတာ၊ လုပ်ကြပါဦးကွာ"

လို့ ကတုန်ကယင်အသံနဲ့ ပြောလိုက်တယ်။

ဒီအချိန်မှာပဲ ဆေးဆရာကြီး ရောက်ရှိလာပြီး ...

"ဖယ်ကြစမ်း၊ ငါကြည့်မယ် ... ငါကြည့်မယ်"

လို့ အော်ဟစ်ရင်း စုပြုံနေတဲ့ လူအုပ်ကြားထဲ တိုးဝင်လိုက်တယ်။

မြပွင့်တစ်ယောက် မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလျက် လူးလိမ့်နေရကာ ...

"ကျုပ် ... ကျုပ်လက်ထဲက အရမ်းနာတယ် ဆရာကြီး၊ ကယ်ပါ ဆရာကြီး ... ကယ်ပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီးဟာ မြပွင့်ရဲ့လက်ကိုကြည့်လိုက်တဲ့အခါ မျက်လုံးပြူးသွားပြီး ...

"ဟ ... ဘာဒဏ်ရာမှလည်း မရှိပါလား"

လို့ တအံ့တသြ ရေရွတ်လိုက်တယ်။

မြပွင့်က ဝေဒနာကို အလူးအလဲ ခံစားနေရာမှ ...

"လက်ရဲ့အသားထဲက နာနေတာတော်၊ နာလွန်းလို့ သေတော့မယ်၊ လုပ်ပါဦး ... ဆရာကြီးရဲ့"

ဆေးဆရာကြီးဟာ ခေါင်းကိုကုတ်ဖွလိုက်ရင်း ...

"အေး ... အေးပါဟ၊ အရင်က ထိခိုက်မိတာရှိလို့ နာနေတာ ဖြစ်ရမယ်၊ နင် ဘာမှ စိတ်မပူနဲ့၊ ငါ ဆေးစည်းပေးမယ်"

ဆေးဆရာကြီးက လွယ်အိတ်ထဲက ပတ်တီးတွေ ဒဏ်ကြေဆေးဘူးတွေကို ကတုန်ကယင်နဲ့ ထုတ်လိုက်တယ်။

သူကြီးက ကတုန်ကယင်ဖြစ်နေတဲ့ ဆေးဆရာကြီးကို စိတ်မရှည်တော့ဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



"အမြန်လုပ်စမ်းပါ ဆရာပြောင်ရဲ့ ကျုပ် သမီးလေး အရမ်းနာနေပြီ၊ ခင်ဗျား ဟန်ပြင်နေ တာနဲ့ ကလေးအသက်ထွက်တော့မယ်ဗျ"

လို့ ဒေါသသံနဲ့ လှမ်းပြောလိုက်တယ်။

ဒီအချိန်မှာပဲ မြပွင့်ဟာ ကြမ်းပေါ် လူးလိမ့်နေရာက ဆတ်ခနဲ ထထိုင်လိုက်တယ်။

သူမရဲ့ ရုတ်တရက် အပြုအမူကြောင့် ဆေးဆရာကြီး ကိုယ်တိုင် လန့်ဖျပ်ပြီး နောက်ပြန်လဲကျသွားတယ်။

မြပွင့်က လက်ကို ငုံ့ကြည့်ရင်း ...

"မနာတော့ဘူး၊ လက်...လက်ထဲက လုံးဝ မနာတော့ဘူး ဆရာကြီး"

လို့ ဝမ်းသာအားရသံကြီးနဲ့ ပြောလိုက်တယ်။

သူမရဲ့စကားကြောင့် အံ့ခဲနေတဲ့ ရွာသားအုပ်ကြီးဟာ 'ဟာ' ခနဲ ဖြစ်သွားကြတယ်။

သူကြီးဦးပွင့်ကိုယ်တိုင် ပါးစောင်မှာခဲထားတဲ့ ဆေး တံကြီး 'ဒေါင်' ခနဲ ပြုတ်ကျသွားရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာင် ... မ ... မနာတော့ဘူး ဟုတ်လား"

လို့ သံယောင်လိုက် ရေရွတ်မိတယ်။

ဆေးဆရာဦးပြောင်က မြပွင့်ကို မျက်လုံးကြီးပြူးကြည့်ရင်း ...

"တယ်ထူးဆန်းပါလား၊ ဆေးတောင် မလူး ရသေးဘူး ရောဂါက သက်သာနေပြီ၊ မြပွင့် ... နင် ငါတို့ကို အရူးလုပ်နေတာလားဟ"

လို့ အသံမာကြီးနဲ့ မေးလိုက်တယ်။

မြပွင့်က မျက်ရည်တွေကို သုတ်လိုက်ရင်း ...

"မနာတော့လို့ မနာတော့ဘူး ပြောတာပေါ့၊ ခုနကဆို ကျုပ်ကိုယ်တိုင် သေမတတ်ခံစားနေရတာ ဆရာပြောင် မတွေ့ဘူးလား၊ ကျုပ်ကိုယ်တိုင်လည်း တွေးမရဘူး၊ လက်တစ်ဖက်လုံး ပြုတ်ထွက်မတတ် နာကျင်ရတာ၊ အရှင်းသက်သာသွားတာကို"

လို့ ပြောလိုက်တဲ့အခါ ရွာသူရွာသားတွေဟာ မြပွင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ငေးကြည့်ရင်း ...

"ဒါတော့ ဟုတ်တယ်ဗျ၊ ခုနက မြပွင့်ကို ကြည့်ပြီး ကျုပ်တို့တောင် အရမ်းစိုးရိမ်သွားတာ၊ ဒါပေမဲ့ ... ပေါ့တော့ မပေါ့နဲ့ မြပွင့်ရ၊ မြို့တက်ပြီး ဆေးခန်းလေး ဘာလေး ပြကြည့်ဦးဟ"

လို့ ပြောဆိုကြသလို နောက်ပြောင်တတ်တဲ့ ကာလသားလူငယ်တွေက ...

"ကြည့်ရတာ မြပွင့်ရဲ့ဝေဒနာက ဆရာပြောင်ရဲ့ ပတ်တီးလိပ်ကြီးကို ကြောက်ပုံရတယ်၊ ဆရာပြောင် ပတ်တီး ဖြည်တုန်းမှာပဲ ယူပစ်သလို ပျောက်သွားတာဗျို့"

လို့ ကျီစယ်ကြသလို၊ သက်ကြီးပိုင်း မိန်းမကြီးတချို့က ...

"ဒီမယ် သူကြီးရဲ့ စက္ကန့်ပိုင်းလေးအတွင်းမှာ ဝေဒနာ ခံစားရပြီး လုံးဝပျောက်ကွယ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးနော်၊ မြပွင့်ကို မကျေနပ်တဲ့ လူကများ ကိုင်လိုက်လား မသိဘူး”

မိန်းမကြီးတစ်ယောက်ရဲ့စကားကြောင့် အိမ်ပေါ်ရှိ လူအားလုံး မျက်နှာ ကွက်ခနဲ ပျက်သွားကြတယ်။

မြပွင့်ကိုယ်တိုင် မျက်လုံးများ ဝိုင်းစက်လျက် ‘ရှင်’ ခနဲ ရေရွတ်မိသွားတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"သူကြီးသမီး တာဖြစ်တာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

**ရန်ကုန်မြို့** ဘောက်ထော်ဘက်ရှိ ခြံဝန်းကျယ် နှစ်ထပ်တိုက်ကြီးအတွင်းဝယ်၊ နှစ်ထပ်တိုက်အတွင်းရှိ အိမ်သားအားလုံးမှာ အိပ်ခန်းကျယ်ကြီးအတွင်း စုပြုံရောက်ရှိနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်သားတွေဟာ မျက်နှာမသာမယာနဲ့ အိပ်ရာပေး လှဲနေတဲ့ မိန်းမပျိုတစ်ဦးကို ငေးစိုက်ကြည့်နေရှာတယ်။

မိန်းမပျိုရဲ့နှာခေါင်းနဲ့ လက်တွေမှာ ဆေးပိုက်တွေက မြင်ရက်ဖွယ်ပင် မရှိ။

မိန်းမပျိုဟာ နွမ်းလျနေတဲ့ မျက်နှာလေးနဲ့အတူ မျက်လုံးကို မှေးစင်းရင်း ...

"မော ... မောလိုက်တာ၊ အသက်ရှူမဝဘူး မေမေရယ်၊ သမီး ... သမီး ... အရမ်းမောတာပဲ"

လို့ တီးတိုးရေရွတ်လိုက်တယ်။

စိန်နားကပ်ရောင် တဖျပ်ဖျပ်လက်နေသော အမျိုးသမီး ကြီးမှာ ကရုဏာသက်စွာဖြင့် ...

"အေးပါ သမီးရယ် ... ဒေါက်တာ့ကို ဖုန်း ဆက်ပြောထားပါတယ်၊ ခဏလေးပါ သမီး ရယ်၊ ခဏလေးပါ"

လို့ နှစ်သိမ့်စကားဆိုလိုက်တယ်။

ဒီအချိန်မှာပဲ အခန်းထဲကို ရွှေကိုင်းမျက်မှန်တပ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးတစ်ဦး ရောက်ရှိလာတယ်။

ဆရာဝန်က သူမရဲ့လက်က ကျပ်စည်းထားတဲ့ ဒဏ်ရာကိုကြည့်ရင်း ...

"နောက်သုံးရက်လောက်ဆိုရင် ဖြည်လို့ရပါပြီ ... ရှင့်ထိုင်ရတာရော ဘယ်လိုနေလဲ"

လို့ မေးလိုက်တယ်။

"အသက်ရှူမဝဘူး ဒေါက်တာ၊ အရမ်းကြပ်တာပဲ"

ထားရဲ့ ညည်းညူသံကြောင့် ဆရာဝန်က ...

"ထားက အရင်ထဲက နှလုံးအားနည်းတဲ့ အခံရှိနေတာလေ၊ ရေချိုးခန်းထဲမှာ ချော်လဲတော့ ထိတ်လန့်တဲ့ အရှိန်နဲ့ ရောဂါပြန်ထလာတာပါ၊ ဒါပေမဲ့ ... စိုးရိမ်စရာတော့ မရှိပါဘူး ထားရဲ့၊ ကိုယ်ပေးတဲ့ ဆေးကိုသာ အချိန်မှန်သောက်ရင် အသက်ရှူမဝတာတွေ၊ နှလုံးအောင့်တာတွေ လုံးဝ မခံစားရတော့ဘူး ထား

www.burmeseclassic.com

www.burmeseclassic.com


ရဲ့”

လို့ပြောရင်း ဆေးတစ်လုံး ထိုးပေးလိုက်တယ်။

ပြီးတော့ ... ဆရာဝန်က စိန်နားကပ်နဲ့ အမျိုးသမီးကြီးကို မျက်ရိပ်ပြရင်း အခန်းပြင်ခေါ်ထုတ်သွားတယ်။

အခန်းပြင်ရောက်တဲ့အခါ ...

“ပြောရမှာတော့ စိတ်မကောင်းစရာပဲ အန်တီရယ် ... ထားရဲ့ရောဂါအခြေက အဆိုးဝါးဆုံးအဆင့်ကို ရောက်နေပြီ”

ဆရာဝန်ရဲ့စကားကြောင့် အမျိုးသမီးကြီးဟာ မျက်ရည်စို့သွားရင်း ...

“အန်တီလည်း ဒီလိုပဲ ထင်မိပါတယ်၊ ခုချိန်မှာ သမီးလေးကို ကြည့်ပြီး စိတ်မကောင်းရုံကလွဲလို့ ဘာများ တတ်နိုင်ပါ့မလဲကွယ်၊ သူ့ရဲ့နှလုံးရောဂါက မွေးရာပါ ဖြစ်နေတာကိုး”

လို့ မချိတင်ကဲ ရေရွတ်လိုက်တယ်။

ဆရာဝန်က သက်ပြင်းချရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီ၊ နလုံးကိုခွဲစိပ်ကုသဖို့ ဆိုတာကလည်း ခုချိန်မှာ လုံးဝမဖြစ်နိုင်ဘူး၊ ထားကို သူ့ရဲ့နောက်ဆုံး အချိန်လေးမှာ စိတ်ချမ်းသာအောင်ထားပြီး သူဖြစ်စေချင်တာတွေ လုပ်ပေးရုံကလွဲလို့ ကျွန်တော်တို့ ဘာမှ မတတ်နိုင်တော့ပါဘူး"

လို့ စိတ်မသက်သာဟန်နဲ့ ရေရွတ်လိုက်တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

**မင်းတောတစ်ရွာလုံး** အိပ်စက်အနားယူနေချိန် သူကြီးသမီး မြပွင့်တစ်ယောက် သူမရဲ့ အိပ်ခန်းထဲမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေတယ်။

ဒီအချိန်မှာပဲ အခန်းပြင်က အသံကြားတဲ့အတွက် ...

www.burmeseclassic.com

www.burmeseclassic.com


"အပြင်မှာ ဘယ်သူလဲ ... အဖေလား"

လို့ လှမ်းမေးလိုက်တယ်။

သူကြီးဦးပွင့်ဟာ ခန်းဆီးစကို အသာလှပ်ကြည့်ရင်း...

"အေး သမီး ... အဖေ ရေထသောက်တာ၊

ဘာဖြစ်လို့လဲ"

လို့ မေးလိုက်တဲ့အခါ မြပွင့်က အိပ်ရာက ထလိုက်ရင်း

"ကျုပ် ... အိပ်မက်, မက်နေတာအဖေ၊ အဲဒီ

အိပ်မက်က စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ခွေးအူ

သံကြားလို့ လန့်နိုးသွားတာ"

လို့ ပြောလိုက်တယ်။

သူကြီးဦးပွင့်က မီးသေနေတဲ့ ဆေးပြင်းလိပ်ကို မီးညှိ

ဖွာရှိုက်ရင်း ...

"ပြောပါဦး၊ ဘာအိပ်မက်တွေများ မက်လို့

စိုးလေးနေရတာလဲ"

လို့ မေးလိုက်တယ်။

မြပွင့်က အနည်းငယ်စိတ်ချောက်ချားနေတဲ့ မျက်နှာနဲ့

www.burmeseclassic.com

www.burmeseclassic.com


"အိပ်မက်ထဲမှာ ကလေးမလေးနှစ်ယောက် ဆော့ကစားနေကြတယ် အဖေ၊ သူတို့နှစ်ယောက်ကြည့်ရတာ ရုပ်ချင်း မတူကြပေမယ့် သိပ်ချစ်ကြပုံပဲ၊ ပြီးတော့ ... တစ်ယောက်က အမှောင်ကြီးထဲကို တရွေ့ရွေ့ လျှောက်သွားတယ်၊ ကျန်ခဲ့တဲ့တစ်ယောက်က ငိုယိုပြီး လှမ်းခေါ်နေတာ အဖေ၊ သူရဲ့ငိုသံက ကျုပ်ရင်ထဲမှာ နင့်နေအောင် ခံစားရတယ်"

မြပွင့်ရဲ့စကားကြောင့် ဦးပွင့်ဟာ မျက်နှာကွပ်ခနဲ ပျက်သွားတယ်။

ပြီးတော့ မြပွင့်ကို ပြုံးကြည့်ရင်း ...

"အိပ်မက်ဆိုတာ သွေးလေချောက်ချားရင် ဒီလိုပဲ မက်တတ်ပါတယ် သမီးရဲ့၊ ကလေးတွေကို အိပ်မက်,မက်တာဟာ ကောင်းတဲ့နိမိတ်ပဲ၊ အေးချမ်းမှုရှိတယ်ဆိုတဲ့နိမိတ် ကောက်လို့ရတယ်ကွယ့်၊ ကဲ ကဲ ... ပြန်အိပ်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com


မနက်ဆွမ်းထချက်ရဦးမှာ မဟုတ်လား"

လို့ ပြောလိုက်ပြီး အခန်းထဲက ထွက်သွားတယ်။

မြပွင့်တစ်ယောက် အိပ်ရာထက် ငူငိုင်ပြီး ကျန်ရစ်ခဲ့တယ်။

အိပ်မက်ထဲက မိန်းကလေးနှစ်ယောက်ရဲ့ မျက်နှာကိုတော့ အာရုံထဲက ထုတ်လို့မရဘူး။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအိပ်မက်က ဘာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

**ထားတစ်ယောက်** ပြတင်းပေါက်မှာရပ်ပြီး ခြံထဲ
ငေးမောကြည့်ရှုနေချိန်မှာ မိခင်ဖြစ်သူရောက်လာပြီး ...

"အို ... ဘာလို့ အိပ်ရာထဲက ထရတာလဲ
သမီးရယ်၊ တော်ကြာ မူးမိုက်လဲရင် ဒုက္ခ၊

www.burmeseclassic.com

www.burmeseclassic.com



လှဲနေလိုက်နော်”

မိခင်ရဲ့ စိုးရိမ်တကြီး အပြောကြောင့် သူမ အသက်ကို တဝကြီးရှူရှိုက်ရင်း ...

“ဒီလိုရပ်ပြီး အသက်ရှူရတာ ပိုကောင်းတယ် မေမေရဲ့၊ တစ်ချိန်လုံး အိပ်ရာပေါ်မှာပဲ နေရတာ၊ အရမ်းငြီးငွေ့ဖို့ ကောင်းတယ်၊ ဒီနေ့ ရင်ဘတ်ထဲက သိပ်မအောင့်ဘူး မေမေ၊ နေလို့ သက်သာတယ်”

လို့ ပြောလိုက်တယ်။

ဒီအချိန်မှာပဲ သူမဟာ ခေါင်းကို လက်နဲ့ဖိလိုက်ရင်း

“အား ... ခေါင်း ... ခေါင်းထဲက နာလိုက်တာ၊ နာလိုက်တာ ... ကျွတ် ကျွတ်”

လို့ ညည်းညူလိုက်တယ်။

မိခင်ဖြစ်သူက ထိတ်လန့်သွားပြီး ...

“ဟင် ... အရမ်းနာနေလား သမီး၊ လာ လာ ... အိပ်ရာပေါ် နားနေလိုက်”

www.burmeseclassic.com

www.burmeseclassic.com


မိခင်က သူမကို ဖက်ရင်း အိပ်ရာပေါ် ခေါ်သွားတယ်။ သူမ အိပ်ရာထက် လှဲချလိုက်ပြီး ...

"ခေါင်းထဲက တစ်ခါတစ်ခါ ဒီလိုပဲ အရမ်း နာသလို ခံစားရတယ် မေမေ၊ ဓာတ်မှတ်ရိုက် ကြည့်တော့လည်း ဘာရောဂါမှ မတွေ့ဘူး၊ ခေါင်းထဲမှာ ရောဂါမရှိဘဲ ဘာလို့ နာနေမှန်းကို မသိဘူး ... အား ကျွတ် ကျွတ်"

လို့ မျက်နှာလေးရှုံ့မဲ့လျက် ညည်းလိုက်တယ်။

မိခင်ဖြစ်သူက ချက်ချင်းဆိုသလို မိသားစုဆရာဝန်ထံ ဖုန်းဆက်ပေးတယ်။

ဆရာဝန်ညွှန်ကြားချက်အတိုင်း အကိုက်ခဲပျောက်ဆေး အပျော့စားကို ယူပြီး သူမကို တိုက်တယ်။

ဒီအချိန်မှာပဲ အိမ်စေမိန်းကလေးက အခန်းထဲဝင်လာပြီး ...

"အောက်မှာ ဧည့်သည်ရောက်နေပါတယ် မေမေကြီး"

www.burmeseclassic.com

www.burmeseclassic.com


လို့ ပြောလာတယ်။

ဒါကြောင့် ... မိခင်ဟာ သူမကို ဆေးတိုက်ပြီး အခန်းထဲက ထွက်သွားတယ်။

အိမ်ကြီးရဲ့ဧည့်ခန်းမှာတော့ ကန္တဲ့ကလျာဟန်နဲ့ မိန်းမလျာတစ်ဦး ထိုင်နေတယ်။

မိန်းမလျာဟာ ထားရဲ့အမေကို မြင်တဲ့အခါ ...

"ဟယ် ... မမတင်တို့များ မတွေ့တာဖြင့် ဘာမှမကြာသေးဘူး လှလို့ ဝလို့ပါလားတော်၊ ပြောပါဦး ... နွဲ့ကို ဖုန်းဆက်တဲ့ကိစ္စ၊ နွဲ့လည်းလေ ပခန်းပွဲသွားနေတာ မမတင်ရဲ့၊ အိမ်ရောက်ရောက်ချင်း မမတင် ဖုန်းဆက်တယ်ဆိုလို့ ထွက်လာရတာ"

လို့ အသံစာစာလေးနဲ့ ပြောလိုက်တယ်။

ဒေါ်တင်မေက နတ်ကတော်နွဲ့နွဲ့ရဲ့ နံဘေးမှာ ဝင်ထိုင်လိုက်ရင်း ...

"ဟင် ... ဒါဆို နွဲ့ သိပ်ပင်ပန်းနေမှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com


မမတင်က နွဲ့ကို ထိုင်ကနားလေးတစ်ပွဲ လောက် စီစဥ်ခိုင်းမလို့ နွဲ့ရဲ့ အိမ်မှာ သမီးလေး ကလည်း ကျန်းမာရေး သိပ်မကောင်းဘူးလေ၊ ရိုးရာလည်း မတင်ဖြစ်တာ ကြာပြီဆိုတော့ အဲဒါ ... နွဲ့အားတဲ့ရက် လုပ်မလားလို့ပါ"

လို့ ပြောလိုက်တဲ့အခါ နတ်ကတော်နွဲ့နွဲ့ဟာ မျက်နှာ ဝင်းပသွားပြီး ...

"အောင်မယ်လေး မမတင်ရယ် ... မမတင် အတွက်ဆို နွဲ့တို့က အားပြီးသားပါနော်၊ ကဲ ... ဘယ်နေ့လုပ်ချင်လဲသာ ပြော"

လို့ ကနွဲ့ကလျှဟန်နဲ့ မေးလိုက်တယ်။

ဒေါ်တင်မေက သက်ပြင်းကို မသိမသာချလိုက်ပြီး...

"ဒီလမကုန်ခင် အတောအတွင်းပေါ့ နွဲ့ ရယ်၊ မြန်နိုင်လေ ကောင်းလေပါပဲ"

လို့ ပြောလိုက်တယ်။

နတ်ကတော်နွဲ့နွဲ့က လက်ကို ချိုးရေတွက်ရင်း ...

www.burmeseclassic.com

"ဒါဆို သန်ဘက်ခါလောက် လုပ်လိုက်ပါ

လား၊ အဲဒီနေ့က နေ့ကောင်းကျတယ်၊ ထုံးစံ

အတိုင်း နွဲ့ပဲ အားလုံးဝယ်ခြမ်းပြီးမှ လာရမှာ

မဟုတ်လား"

လို့ မေးတဲ့အခါ ဒေါ်တင်မေက ခေါင်းညိတ်လျက်...

"ဒါပေါ့ ... နွဲ့ရဲ့၊ မမတင် တစ်ခါတည်း

ငွေပေးလိုက်မယ်နော်"

လို့ပြောရင်း အိမ်စေမိန်းကလေးကို လက်ကိုင်အိတ်

ယူခိုင်းလိုက်တယ်။

ပြီးတော့ ... အိတ်ထဲက ငွေတစ်ထပ်ကို ထုတ်ပြီး ပေး

လိုက်တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"ဒေါက်တာမေကော ဘာလို့ ကနားပေးတာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

မင်းတေကျော့ရဲ့ ရှာလမ်းအတိုင်း အပျိုတစ်သိုက်ဟာ ရေအိုးကိုယ်စီရွက်ရင်း စကားတပြောပြော လျှောက်လာကြတယ်။

သူကြီးသမီးမြပွင့်ဟာ အပျိုတွေနဲ့ ပျော်ရွှင်စွာ ရယ်မော·

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုရင်း ရေခပ်ဆင်းရာ လိုက်ပါလာတယ်။

အပျိုတစ်သိုက်က ရှေ့က လျှောက်လာတဲ့ ထင်းစည်း သယ်လာတဲ့ လူကိုမြင်တဲ့အခါ ...

"မြပွင့်ရေ ... ရှေ့မှာ ညည်းလူကိုအေးသာ မဟုတ်လား၊ ဟီး ... ဟိ ... တို့ရှောင်ပေးဖို့ လိုသေးလားအေ့"

လို့ ကျီစယ်သလို မေးကြတယ်။

မြပွင့်က အေးသာကိုကြည့်ရင်း မျက်နှာ ရဲတက်သွား ပြီး ...

"အို ... တော်တို့ကလည်း ကျုပ်နဲ့ အေးသာ နဲ့က ဘာမှ ဟိုဒင်းမဖြစ်သေးပါဘူးတော်၊ ကျုပ် သူ့ကို အဖြေတောင် မပေးရသေးဘူး၊ ရှာဦးစေတီပွဲကျမှ အဖြေပေးမှာ သိကြလား"

လို့ ပြန်ပြောလိုက်တယ်။

အေးသာက မြပွင့်တို့အနားရောက်တဲ့အခါ ခြေလှမ်း တန့်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာဟ ... ကျုပ်တို့ရွာက ကွမ်းတောင်ကိုင်တွေ ရေခပ်ဆင်းတော့မယ်ပေါ့၊ မြပွင့် ... နင်က ရေလည်းမခပ်ဘဲ ဘာလိုက်လုပ်မှာတုံးဟ"

လို့ မေးလိုက်တယ်။

အပျိုခေါင်းမိတုတ်က မျက်နှာကို မဲ့ရွဲ့ရင်း ...

"ဟဲ့ ... မြပွင့်က သူကြီးသမီး ကွမ်းတောင်ကိုင်ဟဲ့၊ သူ့အိမ်မှာ ရေခပ်မယ့်လူတွေ အပေါသား"

လို့ ပြောလိုက်တဲ့အခါ အေးသာက ...

"ဟင် ... ဘယ်သူတွေလဲ၊ သူကြီးတပည့် ချက်စူထို့၊ ဖိုးမောင်တို့ကို ပြောတာလား"

လို့ မေးလိုက်တယ်။

"ဘယ်ကလာ ချက်စူတို့ရမှာလဲ၊ တစ်ဖက်ရွာက လယ်ရှင်သားတွေလေ၊ မြပွင့်ကို မျက်နှာလုပ်ပြီး သူကြီးကို ကပ်နေကြတာ၊ ရေခပ် ပေးတဲ့အပြင် သူကြီးရဲ့ အဝတ်တွေလျှော်င်

www.burmeseclassic.com

www.burmeseclassic.com


လျှော်ပေးနေကြတာ နင် မသိဘူးလား"

အပျိုခေါင်းမိတုတ်ရဲ့အပြောကြောင့် အေးသာရဲ့ မျက်နှာ နွမ်းကျသွားပြီး ...

"မတုတ်ပြောတာ အဟုတ်ပဲလား ... မြပွင့် ဟင်"

လို့ မေးလိုက်တယ်။

"တော့်မလဲ နံလိုက် အ,လိုက်တာ လွန်ပါရော၊ လယ်ရှင်သားက ကျုပ်အိမ်က အလုပ်တွေကို လာလုပ်ပေးပါ့မလားတော်၊ တော့်ကို မိတုတ် နောက်နေတာ သိရဲ့လား"

မြပွင့်ရဲ့ မချိဒေါသောအပြောကြောင့် အေးသာရဲ့မျက်နှာ ဝင်းပသွားပြီး ...

"အောင်မယ်လေးဗျာ ... တော်ပါသေးရဲ့၊ ကျုပ်ဖြင့် ရင်ကို မီးနဲ့ထိုးသလား အောင်းမေ့ရတယ်၊ ဟဲ ဟဲ ... ပူသွားတာပဲ၊ မိတုတ်နော် နင် ... ဒါမျိုး မစနောက်နဲ့၊ ငါ မကြိုက်ဘူးဟ"

www.burmeseclassic.com

www.burmeseclassic.com



လို့ မိတုတ်ကို အံကြိတ် ကြိမ်းလိုက်တယ်။

ဒီအချိန်မှာပဲ ...

"အ ... အမယ်လေး၊ အောင့်လိုက်တာ အောင့်လိုက်တာ"

ရင်ဘတ်ကိုဖိရင်း ညည်းညူလိုက်တဲ့ မြပွင့်ကြောင့် အေးသာက ...

"ဟဲ ဟဲ ... ဒီလောက်တော့ ငါမထုံဘူး မြပွင့်ရ၊ နင် ငါ့ကို အရူးလုပ်မနေနဲ့"

မြပွင့်တစ်ယောက် မျက်ရည်စများ ရစ်ဝဲတက်လျက်...

"ကျုပ် ... ကျုပ်ရင်ဘတ်ထဲက အရမ်း အရမ်းအောင့်တယ် ... အောင့်တယ်"

လို့ ရေရွတ်ရင်း မြေပေါ်ခွေလဲကျသွားတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"မြွှန် တာဖြစ်တာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

**နတ်ကတော်**နွဲ့နွဲ့တစ်ယောက် နတ်ဝတ်နတ်စား အပြည့်အစုံနဲ့ ပြင်ဆင်ထားတဲ့ ပွဲတွေရဲ့ရှေ့မှာ ကနွဲ့ကလျလေး ထိုင်လိုက်တယ်။

စားတော်ပွဲများကို နတ်သံနှော ပင့်ဖိတ်ကပ်ပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com


"မမတင့်တို့ရဲ့ရိုးရာက ပြည်လယ်ပြင် မဟုတ်လား၊

ရိုးရာကန်တော့ဖို့ အိမ်သားတွေ ပြည့်ပြည့် စုံစုံ ခေါ်လိုက်လေ"

လို့ ပြောလိုက်တဲ့အခါ ဒေါ်တင်မေက ...

"မမတင်ရဲ့ယောကျ်ားက ပွဲရုံကိစ္စနဲ့ ခရီး ထွက်သွားတာ ကြာပြီကွဲ့၊

အိမ်မှာ မမတင်နဲ့ သမီးလေးပဲရှိတာ၊

သမီးလေးက ကျန်းမာရေးမကောင်းတော့ အခန်းပြင်တောင် မထွက်နိုင်ရှာပါဘူးကွယ်"

လို့ ပြောလိုက်တယ်။

နတ်ကတော်နွဲ့နွဲ့က မျက်နှာကို ခရင်းပတ်ခ်တို့လျက်

"အောင်မယ်လေးရှင် ... ရိုးရာကန်တော့ပါ တယ်ဆိုမှ အိမ်မှာ မကောင်းတာပျောက်, ကောင်းတာရောက်ပြီပေါ့၊

နေမကောင်းတဲ့သမီးက ပိုအရေးကြီးတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com


ခေါ်လိုက် ... ခေါ်လိုက်”

နဲ့နဲ့စကားကြောင့် ဒေါ်တင်မေဟာ မျက်နှာမသာမယာ နဲ့ ထသွားတယ်။

ထားရဲ့အခန်းထဲရောက်တဲ့အခါ ...

“သမီးရေ ... ခဏလောက် အပြင်ထွက် လိုက်ပါလား၊ အပြင်မှာ မေမေတို့ ရှီးရာကန် တော့ဖို့ ပြင်ထားတယ်ကွဲ့”

မိခင်ရဲ့အသံကြောင့် ထားက မှိန်းနေရာက မျက်လုံးပွင့် လာပြီး ...

“မေမေကလည်း ... ထား လေကောင်းလေ သန့်လေး ရချင်လို့ ခြံထဲဆင်းချင်တာတောင် ပေးမဆင်းဘူး၊ နတ်ကန်တော့ဖို့ကျတော့ လာ ခေါ်တယ်၊

မကန်တော့ချင်ဘူး မေမေ၊ ထား အဲဒါတွေ မယုံဘူး”

လို့ ငြင်းဆန်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် သမီးရယ် ... ရိုးရာကန်တော့တာ သမီးရဲ့ကျန်းမာရေးအတွက်လည်း ပါတယ်၊ ဒါတွေ ငါ့သမီး မယုံတာ မေမေသိပါတယ် ကွယ်၊ မေမေတို့လည်း ရိုးရာရှိလို့သာ စတိ အနေနဲ့ လုပ်ပေးတာပါ၊ လာပါသမီးရယ် ... ခဏလေးပါ"

ပြောပြောဆိုဆို ဒေါ်တင်မေဟာ ထားကို အိပ်ရာက ဆွဲထူလိုက်တယ်။

ထားတစ်ယောက် မျက်နှာမသာမယာနဲ့ ပါသွားတယ်။ နတ်ကတော်နွဲ့နွဲ့ဟာ ထားကိုမြင်တဲ့အခါ တအံ့တဩ အမူအရာနဲ့ ...

"ဟယ် ထားရယ် ... ထားကိုကြည့်ရတာ ပိုးဟပ်ဖြူကျနေတာပဲ၊ ပိန်သွားလိုက်တာ ကွယ်"

လို့ ရင်ဘတ်ဖိ ပြောတယ်။

"ဟုတ်တယ်နွဲ့၊ သမီးလေးက နှလုံးအား

www.burmeseclassic.com

www.burmeseclassic.com



နည်းတဲ့ရောဂါ ခံစားနေရတာလေ၊ သူ့ကို စိတ်မချလို့ အိမ်ပြင်တောင် ပေးမထွက်ဘူး"

ဒေါ်တင်မေရဲ့စကားကို နတ်ကတော်နွဲ့နွဲ့က ...

"ကလေး ဒီလောက်ထိဖြစ်နေတာ မသိလို့ပါ မမတင်ရယ်၊ ဘာမှမပူနဲ့၊ ထားရဲ့ရောဂါ ပျောက်ကင်းဖို့ ဆိုင်ရာပိုင်ရာတွေနဲ့ အပ်ပေးမယ်"

လို့ ပြောဆိုရင်း ရိုးရာကန်တော့ဖို့ ပြင်လိုက်တယ်။ ထားက နတ်ကတော်နွဲ့နွဲ့ရဲ့ရှေ့မှာ ပဆစ်တုပ်ထိုင်လိုက်ရင်း ...

"ထားတို့က ဘာရိုးရာရှိလို့ ဘယ်သူ့ကို ကန်တော့ရမှာလဲ ဦးလေးနွဲ့"

လို့ မေးလိုက်တဲ့အခါ နတ်ကတော်နွဲ့နွဲ့ဟာ မျက်လုံးပြူးသွားပြီး ...

"ဘယ်က ဦးလေးနွဲ့ကမှာလဲ ထားရဲ့၊ နွဲ့နွဲ့ လို့ပဲ ခေါ်စမ်းပါ၊ ကျုပ်အသက်က ခုမှ သုံး

www.burmeseclassic.com

www.burmeseclassic.com


ဆယ်နဲ့လေးဆယ်ကြားပဲ ရှိပါသေးတယ်အေ့၊ ရိုးရာကန်တော့တယ်ဆိုတာ ထားအမေရဲ့ဘက်ကလေ၊ ပြည်လယ်ပြင်မောင်နှမ ရိုးရာပေါ့ ...၊

ထားကြည့်ရတာ မိဘရဲ့ ရိုးရာကို စိတ်ဝင်စားပုံရတယ်၊ မသိရင်မှတ်ထား ... နှဲ့နှဲ့ ပြောပြမယ်၊ ပြည်လယ်ပြင်နတ်ဆိုတာ အောက်အရပ်ဒေသတွေမှာ အများဆုံး ပူဇော်ပသကြတယ်၊ သူတို့မောင်နှမရဲ့ နာမည်တွေက စောဖသာနဲ့ စောမြသာတဲ့အေ့ ...၊

စောဖသာက ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးရဲ့ ထီးတော်မိုးတစ်ယောက်ပေါ့၊ မင်းကြီး တိုင်းခန်းလှည့်လည်တိုင်း စောဖသာက ထီးတော်မိုးအဖြစ် လိုက်သွားရတယ်၊ တစ်နေ့ တိုင်းခန်းလှည့်လည်ရင်း ထီးတော်မိုးပေးနေစဉ်မှာ စောဖသာဟာ လက်ညောင်းတဲ့အတွက် ထီးကိုင်လက်က ယိုင်သွားတယ်၊ ဒါကို

www.burmeseclassic.com

www.burmeseclassic.com


မင်းကြီးက သူ့ကို မလေးမစားပြုတယ်ဆိုပြီး အမျက်တော်ရှသွားတယ်၊ စောဖသာကို ကွပ်မျက်ဖို့ အမိန့်ပေးလိုက်တယ် ...၊

စောဖသာ ကွပ်မျက်ခံရတဲ့သတင်းကို စောမြသာသိတဲ့အခါ မင်းကြီးအပေါ်မှာ မကျေနပ်စိတ်တွေ ထားခဲ့တယ်၊ တစ်နေ့ အလောင်းစည်သူမင်းကြီး ဖောင်တော်နဲ့ တိုင်းခန်းလှည့်စဉ်မှာ စောမြသာဟာ မင်းကြီးကို မကျေနပ်စိတ်နဲ့ ဖောင်တော်ရဲ့ ဦးပကိုင်းမှာ သွားပြီး ခေါင်းလျှော်ခဲ့တယ်၊ မင်းကြီးလည်း အမျက်ထွက်ပြီး စောမြသာကိုပါ ကွပ်မျက်စေခဲ့တယ်" လို့ ပြောပြသလို နောက်ရာဇဝင်တစ်ခုက ...

"ပြည်မြို့နားမှာရှိတဲ့ နဝင်းချောင်းရဲ့ အထက်ပိုင်းမှာ စောမြသာနဲ့ စောဖသာတို့ မောင်နှမ နေထိုင်သလို နဝင်းချောင်းရဲ့ နောက်ပိုင်းမှာတော့ တလိုင်းဦးမင်းကျော်က နေတိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့ …။

ဦးမင်းကျော်က စောမြသာကို နှစ်သက်တဲ့အတွက် အရယူဖို့ ကြံတဲ့အခါ မောင်နှမနှစ်ယောက်ဟာ ဦးမင်းကျော်ရဲ့ရန်ကို ကြောက်လန့်ပြီး ချောင်းထဲမှာ စတေးခံခဲ့ကြတယ် …။

အဲဒီကနေလည်း ပြည်လယ်ပြင်မောင်နှမလို့ ဖြစ်သွားတယ်လို့ ဆိုကြတယ်၊ ပြည်လယ်ပြင်မောင်နှမဟာ အိမ်ထောင်သားမွေးကိစ္စကို မကြိုက်ဘူးအေ့၊

BURMESE CLASSIC

အိမ်ဦးခန်းမှာ လင်စုံလင်မယား ဖက်အိပ်ရင်လည်း ရှိးရာနတ်က မကြိုက်ဘူး”

လို့ပြောတဲ့အခါ ထားက …

“ရှိးရာဆိုတာ ဘာလဲ၊ နတ်ကတော်ကြီးကရော ဘာလို့ နတ်ကို ကိုးကွယ်တာလဲ”

ထားရဲ့အမေးကြောင့် နွဲ့နွဲ့ဟာ ခေါင်းခါယမ်းလိုက်ပြီး…

“ဒီမယ်ထားရဲ့ လောကမှာ ကိုးကွယ်ဆည်း

www.burmeseclassic.com

www.burmeseclassic.com


ကပ်ရာ တစ်ခုတည်းပဲ ရှိတယ်၊ အဲဒါ မြတ်ဗုဒ္ဓ ဘုရားရှင်ပဲ၊ နတ်ဆိုတာ မိရိုးဖလာ အားထားမှု တစ်ခု၊ ပသမှုတစ်ခုပါ၊ ကျုပ်က နတ်ကတော် လုပ်ပေမယ့် နတ်ကို မကိုးကွယ်ဘူး၊ စားဝတ် နေရေးအတွက် အားထားခြင်းသာ ဖြစ်တယ်...၊

မြန်မာမှန်ရင် မိရိုးဖလာ ယုံကြည်မှုတွေ ရှိတတ်ကြတယ်၊ တကယ်တော့ ငါကိုယ်တိုင် လည်း ငါ့အဖေ နတ်အုပ်ဖြစ်တဲ့အတွက် နတ် လောကကို ရောက်ခဲ့ရတာလေ ...၊

BURMESE CLASSIC

နတ်အုပ်ဆိုတာက နတ်ကတော်တွေကို အုပ်ချုပ်ရတဲ့လူပေါ့၊ ဒါပေမဲ့ ဒီဘက်ခေတ်မှာ တော့ နတ်အုပ်ရဲ့ အရှိန်အဝါဟာ မှေးမှိန် သလောက်ကို ဖြစ်နေပါပြီ၊ ကဲ ... စကားတော့ ပြောလို့ကောင်းပါရဲ့၊ အလုပ်လေးလည်း စ, လိုက်မှ စလိုက်မှ ...”

ပြီးတဲ့အခါမှာတော့ နတ်ကတော်နွဲ့နွဲ့ဟာ ဆက်ဆက်မှ

www.burmeseclassic.com

www.burmeseclassic.com


လွင့်ပျံ့လာတဲ့ နတ်ဒိုးသံနဲ့အတူ နတ်ဝင်ခြင်းကို စတင်လိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

သူကြီးဦးပွန့်ရဲ့နေအိမ် . . .

**ဆေးဆရာကြီး** ဆရာပြောင်ဟာ စိတ်ရှုပ်ထွေးဟန် ခေါင်းခါယမ်းလိုက်တယ်။

“ကျုပ် သွေးခုန်နှုန်းရော နှလုံးခုန်နှုန်းပါ သေချာစမ်းကြည့်ပြီးပြီ၊ မြပွင့်မှာ ရောဂါရဲ့

www.burmeseclassic.com

www.burmeseclassic.com


အရိပ်အယောင် ဘာမှမတွေ့ဘူး၊ ကျုပ်အထင်
တော့ မြပွင့် ဖြစ်ပျက်နေတာတွေဟာ မမြင်ရတဲ့
ပရလောကနဲ့ သက်ဆိုင်မယ်ထင်တယ် …
သူကြီး”

ဆရာပြောင်ရဲ့စကားကြောင့် သူကြီးဦးပွင့်တစ်ယောက် မျက်နှာတင်းမာသွားတယ်။

“ဟိုတစ်ခါတည်းက ကျုပ်ပြောသားပဲ၊ သူ
ကြီးက ခေါင်းမာနေတာကိုးတော်၊ အသက်တစ်
ချောင်းရဲ့တန်ဖိုးက ကြီးတယ် သူကြီးရဲ့၊ ဒီအ
ချိန်မှာ သူကြီး ခေါင်းမာနေမယ့်အစား မြပွင့်ကို
ဆရာကောင်းနဲ့ ပြသင့်နေပြီ”

ရွာသူမိန်းမကြီးရဲ့စကားက သူကြီးဦးပွင့်ကို တွေဝေ သွားစေတယ်။

သက်ပြင်းရှည်ကြီးချရင်း …

“ငါလည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး၊
ဟိုတစ်နေ့ကလည်း လက်ထဲက နာတယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com


အခု လမ်းမှာ ရင်ဘတ်က အောင့်တယ်ဆိုပြီး မေ့လဲတယ်၊ မြပွင့် ... မြပွင့် ငါ့ကို အတော် ခေါင်းနောက်အောင်လုပ်တာပဲ၊ ဟဲ ... မစိန် နင်ပြောတဲ့ ဆရာကောင်းဆိုတာကို ငါက ဘယ် မှာသွားရှာရမှာလဲ"

လို့ ရွာသူမိန်းမကြီးကို မေးလိုက်တယ်။

ရွာသူမိန်းမကြီးက အားတက်သရောဟန်နဲ့ ...

"ကျုပ်တို့ရွာရဲ့ သုံးရွာကျော်မှာ ရှိပါတယ် သူကြီးရဲ့၊ အင်္ဂဝိဇ္ဇာ ဆရာမြိုင်တဲ့၊ အပနှင်ရာမှာ ကြမ်းလည်းကြမ်းသလို ကျွမ်းလည်းကျွမ်း တယ် သူကြီး၊ ဘယ်လောက်ထိ ပိုင်နိုင်သလဲဆို ရင် အထက်လမ်းဆရာလောကမှာ နှစ်ဆောင် ပြိုင်မနိုင် ဆရာမြိုင်လို့တောင် တွင်သတဲ့တော်"

လို့ ပြောလိုက်တဲ့အခါ သူကြီးဦးပွင့်က ...

"ဘာလဲဟ ... နင့်စကားက ငါနားလည် အောင် ပြောစမ်းပါဟ"

www.burmeseclassic.com

www.burmeseclassic.com



မစိန်က ဟန်အမူအရာပါပါနဲ့ ...

"သူကြီးနှယ် ဝေးလိုက်ရန်ကော၊ ဆရာမနိုင် နှစ်ဆောင်ပြိုင်ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ အဲဒီဆရာတွေ မနိုင်တဲ့ နှစ်ဆောင်ပြိုင်တောင် အရှုံးပေးရလို့ နှစ်ဆောင်ပြိုင်မနိုင်ဆရာမြိုင်လို့ တွင်တာ ဖြစ်မှာပေါ့၊ သူကြီး စိတ်ဝင်စားရင် ကျုပ် သွားပြီး ဆရာမြိုင်ကို ပင့်ခေါ်ခဲ့မယ်"

လို့ ပြောလိုက်တဲ့အခါ သူကြီးဦးပွင့်က ခေါင်းကို ကုတ်ဖွလိုက်ပြီး ...

"အေး ... နင်တို့ ကောင်းမယ်ထင်ရင် လုပ်ပေတော့၊ ငါတော့ မြပွင့်ကြောင့် စိတ်မောရတာကလွဲရင် ဘာမှ မတွေးတတ်တော့ဘူးဟ"

လို့ ညည်းညူလိုက်တော့တယ်။

"ဒါမျိုးက အချိန်ကြာလေ မကောင်းလေဘဲ သူကြီးရဲ့၊ ကျုပ် အခုပဲ ဆရာမြိုင်ဆီသွားမယ်၊

www.burmeseclassic.com

www.burmeseclassic.com


သူကြီးသာ မြပွင့်ကို သေချာကြည့်ထား"

မိစိန်ဟာ ပြောပြောဆိုဆို ရွာသူနှစ်ယောက်ကို အဖော်ခေါ်ပြီး ထွက်သွားတယ်။

မြပွင့်တစ်ယောက် အိပ်ရာထက် မျက်နှာရှုံ့မဲ့လျက်...

"အဖေရယ် ... ကျုပ် ... ကျုပ် ရင်ထဲမှာ မီးနဲ့ထိုးသလို အောင့်လိုက်တာ၊ ပူတယ် အရမ်း ပူတယ်"

လို့ပြောလိုက်တဲ့အခါ သူကြီးဦးပွင့်ဟာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရတယ်။

"ဟေ ... ရင်ပူတယ် ဟုတ်လား၊ ဒုက္ခပါပဲ၊ ငါလည်း ဘာမှလုပ်တတ်တာ မဟုတ်ဘူး၊ ရေလေးသောက်လိုက်ပါလား သမီး၊ ရင်အေးရင် သက်သာနိုင်တယ်"

လို့ ပြောဆိုရင်း ရေတစ်ခွက် ခပ်ပေးလိုက်တယ်။

မြပွင့်တစ်ယောက် ချွေးဒီးဒီးကျမတတ် ညည်းညူနေရာက ...

www.burmeseclassic.com

www.burmeseclassic.com



"ရင်ထဲမှာ တစ်ဆို့ကြီးဖြစ်ပြီး စူးအောင့်နေတဲ့ဟာ ဘယ်လိုလုပ် ရေမျိုနိုင်မလဲ အဖေရဲ့၊ ကျုပ် ... ကျုပ်ကို တစ်စုံတစ်ယောက်များ ပြုစားနေလားမသိဘူး၊ အောင့်တယ် ... အောင့်တယ်"

လို့ ရေရွတ်ရင်း ဝေဒနာကို ပိုမိုခံစားနေရဟန်နဲ့ အော်ဟစ်လူးလိမ့်နေရှာတယ်။

ရွာသူရွာသားတွေဟာ မြပွင့်ရဲ့အော်သံကို ကြားရတဲ့အခါ ...

"မြပွင့်တစ်ယောက် ခုရက်ပိုင်းမှာ ဘာတွေဖြစ်နေမှန်းကိုမသိဘူး၊ သူ့လို လူတိုင်းနဲ့ တည့်အောင်ပေါင်းတဲ့ မိန်းကလေးကို ဘယ်သူကများ မကောင်းကြံနေပါလိမ့်"

လို့ ပြောကြသလို ...

"ခုနက မိစိန်တို့ ထွက်သွားတာ မတွေ့ဘူးလား၊ အဲဒါ ... ဆရာသွားပင့်တာအေ့၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com


ကြီးရောက်လာရင်တော့ ပွဲကြီးပွဲကောင်း ကြည့်ရမှာ သေချာတယ်၊ လုပ် ... လုပ် ... လုပ်စရာရှိတာတွေ အပြီးဖြတ်ထား၊ ဒါမျိုးက မြင်ရခဲတယ်"

လို့ စိတ်ဝင်စားကြသလို ...

"သူများမကောင်းကြံရင် မြပွင့်တော့ မဖြစ်နိုင်ဘူး၊ သူကြီးဦးပွင့်က အရင်ကပြိုင်ဘက်မရှိအောင်ကို ဆိုးမိုက်ခဲ့တဲ့ လူဆိုးကြီးတဲ့၊ သူကြီးကို မကျေနပ်လို့ လုပ်တာနေမှာ၊ မြပွင့်က ကံနိမ့်လို့ ခံနေရတာဖြစ်မယ်"

လို့ ထင်ကြေးပေးကုန်ကြတယ်။

ဒီအချိန်မှာပဲ ဆရာပင့်သွားတဲ့ မိစိန်တို့က အင်္ဂဝိဇ္ဇာဆရာမြိုင်နဲ့အတူ ရွာထဲဝင်လာကြတယ်။

ဆရာမြိုင်ဟာ ထက်အောက် နီညိုရောင်ဝတ်ထားသလိုနှုတ်ခမ်းမွေးကြီးကို တသသလုပ်ရင်း ရွှေပိန်းချထားတဲ့ ဒေါင်ဖေ့းတရမ်းရမ်းနဲ့ ဟန်ပါပါ လျှောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတောတစ်ရွာလုံး အဂ်ဝိဇ္ဇာ ဆရာမြိုင်ကို အထူးဆန်းသဖွယ် ဝိုင်းအုံကြည့်ရင်း ဆရာမြိုင်နောက် လိုက်ပါခဲ့ကြတယ်။

သူကြီးဦးပွင့်ရဲ့ အိမ်ပေါ်ရောက်တော့ ဆရာမြိုင်က အိမ်တံခါးကို ရွှေတောင်ဝှေးကြီးနဲ့ တဘုန်းဘုန်းရိုက်ရင်း လူနားမလည်တဲ့ မန္တာန်တွေကို အသံကျယ်ကျယ်နဲ့ ရွတ်ဆိုလိုက်တယ်။

သူကြီးဦးပွင့်တစ်ယောက် အိပ်ခန်းထဲက ပျာပျာသလဲ ထွက်လာရင်း ...

"ထိုင်ပါ ဆရာကြီး၊ ကြွပါခင်ဗျာ၊ အိမ်ဦးခန်းကို ကြွပါဗျ"

အဂ်ဝိဇ္ဇာဆရာမြိုင်ဟာ နှုတ်ခမ်းမွေးကြီးကို တသသလုပ်ရင်း ဘုရားစင်ရှေ့ အသင့်ခင်းထားတဲ့ ဖျာပေါ် ခြေချိတ်ထိုင်လိုက်တယ်။

"ကဲ ... အနှောင်အဖွဲ့ အမှောင့်လမိုင်းတွေ ရှင်းဖို့ ဤအိမ်ဂေဟာကို ဆရာမြိုင် ရောက်လာပြီဟေ့၊ ဘယ်မလဲ မိန်းကလေး ငါ့ရှေ့မှောက်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့စမ်း”

ဆရာမြိုင်ရဲ့ မိုးကြိုးပစ်သလို ဟိန်းနေတဲ့ အသံကြီးကြောင့် ရွာသူရွာသားတွေဟာ ဆတ်ခနဲ တုန်သွားကြတယ်။

မိစိန်တို့ဟာ မြပွင့်ကို အိပ်ရာထဲက တွဲခေါ်ခဲ့ကြတယ်။

ဆရာမြိုင်က မြပွင့်ကို လှဲအိပ်စေပြီး မျက်လုံးပြူးကြီးနဲ့ ငုံးစိုက်ကြည့်လိုက်တယ်။

မြပွင့်တစ်ယောက် ဆရာမြိုင်ရဲ့ ကြမ်းတမ်းတဲ့ဥပမိရုပ်ကြောင့် အကြီးအကျယ် ကြောက်ရွံ့သွားတယ်။

ဆရာမြိုင်က ရွှေတောင်ဝှေးကြီးကို ထောင်ပြရင်း ...

“ဒါဘာလဲ သိကြသလားဟေ့”

လို့ အသံဝါကြီးနဲ့ မေးလိုက်တဲ့အခါ သူကြီးနဲ့ရွာသားတွေက ...

“သိပါတယ် ဆရာကြီး ရွှေတောင်ဝှေးပါ”

လို့ သံပြိုင် ဖြေလိုက်ကြတယ်။

ဆရာမြိုင်က တောင်ဝှေးနဲ့ကြမ်းကို ဘုန်းခနဲရိုက်ရင်း...

“ဘယ်က ရွှေတောင်ဝှေးရမှာလဲ၊ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ သမားစဉ်ဆက် အသုံးပြုခဲ့တဲ့ နတ်ကိုင်ကြိမ်ဗျ … နတ်ကိုင်ကြိမ်၊ ဟောဒီကြိမ်နဲ့ တို့လိုက်ရင် မကောင်းဆိုးရွားမှန်သမျှ မခံနိုင်ဘူး၊ ဟောဒီ နတ်ကိုင်ကြိမ်နဲ့ တို့ပြီး မိန်းကလေးရဲ့အစွဲကို ကျုပ်ချွတ်မယ်၊ ကဲ … လာလေရော့"

လို့ ပြောဆိုပြီး မြပွင့်ရဲ့တင်ပါးကို ဖြန်းခနဲ ရိုက်ချလိုက်တယ်။

"အောင်မယ်လေး … သေပါပြီတော့်"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

နတ်ကတော်နွဲ့နွဲ့တစ်ယောက် နတ်ဒိုးသံနဲ့အတူ

အားပါးတရ ကခုန်နေချိန်မှာပဲ ...

"အမေ့ နာလိုက်တာ ... အား အား"

ထားဟာ ထိုင်ရာက ဆတ်ခနဲ မြောက်တက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်လိုက်တယ်။

နတ်ဝင်နေတဲ့ နွဲ့နွဲ့ဟာ သူမကိုကြည့်ပြီး ကြောင်အမ်း သွားတယ်။

ထားတစ်ယောက် ကြမ်းပေါ်လူးလိမ့်ရင်း ...

"အ ... အမယ်လေး နာတယ်၊ အား ... အား"

လို့ ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။

"သမီး ... သမီး ဘာဖြစ်တာလဲ၊ လုပ် ... လုပ်ပါဦး နွဲ့နွဲ့ရယ်၊ သမီးလေး ဘာဖြစ်တာလဲ မသိဘူး"

ဒေါ်တင်မေတစ်ယောက် ကြမ်းပေါ် လူးလိမ့်နေရှာတဲ့ သမီးဖြစ်သူကို လိုက်ဆွဲရင်း အထိတ်တလန့် ရေရွတ်လိုက် တယ်။

နတ်ကတော်နွဲ့နွဲ့ဟာ ထား့ရှိရာ ပြေးလာပြီး ...

"ဒါ ... ဒါ နတ်ဝင်တာ၊ နတ်ဝင်တာပဲ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com


လို့ ပြောလိုက်တဲ့အခါ ထားဟာ မျက်ရည်ပိုးပိုးပေါက် ပေါက် ကျလျက် လူးလိမ့်နေရာမှ ...

"ထား ... ထားကို တစ်ယောက်ယောက် ရိုက်နှက်နေသလိုပဲ၊ နာလိုက်တာ၊ အောင်မယ် လေး"

လို့ ရေရွတ်ရင်း ကျောကော့သွားပြန်တယ်။

"ဟင် ... ဒါဆို ရိုးရာက မကျေနပ်တာရှိလို့ ဒဏ်ခတ်တာပဲ ဖြစ်ရမယ်၊ မပူနဲ့ ရေစင်တိုက် မယ်၊ ရေစင်တိုက်မယ်"

နတ်ကတော်နွဲ့နွဲ့ဟာ ပြောပြောဆိုဆို ကန်တော့ပွဲတွေ ရှိရာ ပြေးသွားပြန်တယ်။

ရေစင်ခွက်ကိုယူပြီး နတ်က တတွတ်တွတ် ရွတ်ဖတ် ကာ ထားရဲ့ကိုယ်ပေါ်ကို ပက်ဖျန်းပေးလိုက်တယ်။

ထားတစ်ယောက် ကြမ်းပေါ်လူးလိမ့်ရင်း အော်ဟစ်နေ ရှာတယ်။

ရေစင်ဖျန်းလေ သူမရဲ့အခြေအနေက ပိုဆိုးလေ ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။

နတ်ကတော်နွဲ့နွဲ့ဟာ မျက်နှာပျက်သွားပြီး ...

"နတ်ကအတော်ကြီးကို မကျေမနပ် ဖြစ်နေပါလား၊ ရေစင်လည်း မရတော့ဘူး၊ ဒုက္ခပါပဲ"

လို့ လက်တစ်ခါခါနဲ့ ရေရွတ်လိုက်တယ်။

"သတိထားပါ သမီးလေးရယ်၊ သမီး ... သမီးလေး"

ဒေါ်တင်မေတစ်ယောက် သမီးဖြစ်သူကို လိုက်ဆွဲရင်း မျက်ရည်ပေါက်ပေါက်ကျသွားတယ်။

ထားဟာ တစ်စုံတစ်ယောက် ကျောကော့အောင် ရိုက်နက်နေသည့်နှယ် ကြမ်းပေါ် လူးလိမ့်ရင်း ငယ်သံပါမတော် ငိုကြွေးနေရှာတယ်။

နတ်ကတော်နွဲ့နွဲ့ဟာ နည်းမျိုးစုံသုံးပြီး ကြိုးစားပေမယ့် အခြေအနေက ဆိုးသထက်ဆိုးလာတယ်။

"ကယ်ပါဦး အမေရဲ့၊ ထား ... ထား ...

www.burmeseclassic.com

www.burmeseclassic.com



အရမ်းနာတယ်၊ အသက်ရှူကျပ်လာပြီ၊ အား

... အား ... မေမေ မေမေ"

ထားဟာ သွေးရူးသွေးတန်း အော်ဟစ်လူးလိမ့်နေရာက ချက်ချင်းဆိုသလို ငြိမ်ကျသွားတယ်။

ဒေါ်တင်မေဟာ သမီးဖြစ်သူကိုကြည့်ရင်း အကြီးအကျယ် ထိတ်လန့်သွားတယ်။

ထားရဲ့ကိုယ်ကို ဆွဲကိုင်လှုပ်ယမ်းရင်း ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။

"သမီး ... သမီး"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

မြပွင့်တစ်ယောက် အင်္ဂလိပ်စာဆရာမြိုင်ရဲ့ နတ်ကိုင်ကြိမ်ကြောင့် အကြောက်လွန်ပြီး အိပ်ရာထဲ လဲနေရှာတယ်။

သူကြီးဦးပွင့်ဟာ အများကြီးနေတဲ့သမီးကို ရွှေဘော်ဝတ် အုပ်ပေးရင်း ...

www.burmeseclassic.com

www.burmeseclassic.com


"သက်သာရဲ့လား သမီးရယ်၊ အဖေဖြင့် ဆရာမြိုင် အပထုတ်တာကိုကြည့်ပြီး ငါ့သမီး လေးကို သနားလိုက်တာကွယ်၊ အရှိုးရာတွေ တော်တော်များလား သမီး"

လို့ မျက်နှာမသာမယာနဲ့ မေးလိုက်တယ်။ မြပွင့်က ညည်းညူသံနဲ့အတူ ...

"နာတာပေါ့ အဖေရယ်၊ ကျုပ်တင်ပါးနဲ့ ကျောတွေမှာ သွေးတောင်စို့နေပြီ အဖေရဲ့၊ ဒါ ပေမဲ့ အရိုက်ခံရတဲ့ နာကျင်မှုမျိုးမဟုတ်ဘဲ ကျုပ်ရင်ထဲမှာ တစ်ခုခုကို ဆုံးရှုံးလိုက်ရသလို မျိုး ခံစားနေရတယ်၊ ကျုပ် ... ကျုပ် အရမ်း ဝမ်းနည်းတယ် အဖေ"

လို့ပြောရင်း တသိမ့်သိမ့် ငိုရှိုက်နေတယ်။

သူကြီးဦးပွင့်ဟာ သမီးဖြစ်သူကို ကရုဏာသက်စွာ ငေးစိုက်ကြည့်ရင်း ...

"သမီးစိတ်ထဲမှာ အကြောက်လွန်သွားလို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပါကွယ်၊ ဆရာမြိုင်က ငှါသမီးကို ရိုက်နှက်တာမှ မဟုတ်တာ၊ သမီးဆီမှာ စွဲကပ်နေတဲ့ အနှောင်အဖွဲ့ကို ချွတ်တာကွဲ့၊ ခုဆို ငါ့သမီး ရင်ဘတ်က စူးအောင့်တဲ့ဝေဒနာကို မခံစားရ တော့ဘူး မဟုတ်လား”

လို့ပြောလိုက်တဲ့အခါ မြပွင့်က ငိုရှိုက်နေရာက ...

“ဟုတ်တယ် အမေ၊ ဘာကြောင့်လဲတော့ မသိဘူး၊ ရင်ဘတ်က မအောင့်တော့ဘူး၊ ဒါပေမဲ့ ရင်ထဲလှိုက်တက်ပြီး ဝမ်းနည်းလာတဲ့ စိတ်ခံစားမှုကြီးက ပိုဆိုးတယ် အမေ၊ သမီး ငိုချင်တာကလွဲရင် ဘာမှမသိတော့ဘူး”

လို့ပြောရင်း ဝမ်းပန်းတနည်း ငိုချလိုက်တယ်။

သူမရဲ့ငိုသံကို အိမ်ဦးခန်းမှာရှိနေတဲ့ အင်္ဂဝိဇ္ဇာဆရာမြိုင် ကြားသွားပြီး ...

“ဟော့ ... အထဲက ဘာလို့ငိုနေတာလဲ၊ အစွဲ မကျွတ်သေးဘူး ထင်တယ်၊ ငါ ဝင်ခဲ့ရမလား

www.burmeseclassic.com


ဟော့"

လို့ အသံဝါကြီးနဲ့ ပြောလာတယ်။

သူကြီးဦးပွင့်က သမီးဖြစ်သူကို မျက်ရည်သုတ်ပေးရင်း

"မငိုပါနဲ့တော့ သမီး၊ တိတ်တော့နော်၊ တော်ကြာ ... ဆရာမြိုင်က နတ်ကိုင်ကြိမ်နဲ့ ထပ်ရိုက်ရင် ဒုက္ခ၊ အဖေ ဆရာမြိုင်နဲ့ စကားသွားပြောလိုက်ဦးမယ်"

လို့ပြောဆိုပြီး အိပ်ခန်းထဲက ထွက်သွားတယ်။

မြပွင့်တစ်ယောက် တစ်ကိုယ်လုံး ကိုင်ရိုက်မတတ် နာကျင်မှုနဲ့အတူ မျက်နှာနဲ့ ခေါင်းအုံးအပ်ပြီး ငိုကြွေးလိုက်မိလေ၏။

သူမရင်ထဲမှာ တစ်စုံတစ်ခုကို ဆုံးရှုံးသွားရသလို ကြေကွဲစိတ်များ လှိုက်တက်လျက် ရင်မချိအောင် ခံစားနေရသည် မဟုတ်ပါလား။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တင်မြမေ တစ်ယောက် သမီးဖြစ်သူရဲ့ ရုပ်အလောင်းကိုကြည့်ရင်း တသိမ့်သိမ့် ငိုရှိုက်နေရှာတယ်။

မိသားစုဆရာဝန်ဖြစ်တဲ့ ဒေါက်တာတိုးနိုင်က ...

"တရားနဲ့သာ ဖြေဖို့ ကြိုးစားပါ အန်တီ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လည်း ထားအတွက် စိတ်မကောင်း ဖြစ်မိပါတယ်၊ တကယ်ဆို သူ ဒီလောက် မြန်မြန်ကြီး အကြွေမစောသင့်ဘူး၊ သူ့စိတ်ထဲမှာ တစ်စုံတစ်ခုကို တအားကြောက်လန့်ရင်း အသက်ပါ ပါသွားရရှာတာပါ၊ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မလဲ အန်တီရယ်၊ ကျွန်တော်တို့ ထားအတွက် ကောင်းမှုပြုပေးရုံကလွဲရင် ဘာမှ မလုပ်နိုင်တော့ပါဘူး”

လို့ နှစ်သိမ့်စကားဆိုတယ်။

နတ်ကတော်နွဲ့နွဲ့ကလည်း မျက်ရည်တစမ်းစမ်းနဲ့ ...

“ကျုပ် နတ်လောကမှာ ကျင်လည်ခဲ့တာ နှစ်ပေါင်း မနည်းတော့ဘူး၊ ထားလိုအဖြစ်မျိုးတော့ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်၊ ရိုးရာကန်တော့နေလျက်နဲ့ ဒီလိုအဖြစ်ဆိုးနဲ့ ကြုံရတာ မြန်ဆန်လွန်းတဲ့ ပြောင်းလဲမှုကြောင့် နားမလည်နိုင်အောင်ကို ဖြစ်မိပါတယ် ... ထားရယ်

www.burmeseclassic.com



နင် ငါ့ကို ရိုးရာနဲ့ပတ်သက်ပြီး မေးမြန်းခဲ့တဲ့
နင့်ပုံရိပ်ကို ငါမျက်လုံးထဲမှာ မြင်ယောင်နေမိ
တယ် ... အဟင့် ဟင့် ဟင့်”

လို့ ရေရွတ်ပြီး ဝမ်းပန်းတနည်း ငိုချလိုက်လေတယ်။

အသုဘချချိန်ရောက်တဲ့အခါ ဒေါ်တင်မေတို့ဟာ ထား ရဲ့ရုပ်အလောင်းကို သယ်ဆောင်ပြီး ကားကိုယ်စီနဲ့ သုသာန်ရှိရာ ထွက်ခဲ့ကြတယ်။

သုသာန်ရောက်တော့ ထားရဲ့အလောင်းကို မြေချ သဂြိုဟ်ပြီး ဂူသွင်းကြတယ်။

ဂူပိတ်ချိန်မှာတော့ ဒေါ်တင်မေတစ်ယောက် ဖြေမဆည် နိုင်တဲ့ ပူဆွေးမှုနဲ့အတူ ရင်ဘတ်စည်တီး ငိုကြွေးနေရှာတယ်။

ဒေါ်တင်မေဟာ မျက်ရည်တွေကြားက သမီးဖြစ်သူရဲ့ အုတ်ဂူလေးကို ငေးစိုက်ကြည့်လျက် ...

“သမီးလေးရယ် ... သမီးလေးဟာ မေမေ့
ဝမ်းနဲ့လွယ်ပြီး မွေးရတဲ့သမီး မဟုတ်ခဲ့ပေမယ့်
သမီးကို မေမေ ငုံထားမတတ် ချစ်ခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သမီးအပေါ်မှာ မေမေတို့ တာဝန်မကျေခဲ့တာ

များ ရှိခဲ့ရင် ခွင့်လွှတ်ပေးပါကွယ် ...၊

သမီးလေး ကောင်းရာဘုံဘဝရောက်ဖို့

မေမေတို့ ကောင်းမှုကုသိုလ်ပြုပေးပါ့မယ်၊

မေမေတို့ ခေါ်ဆိုတဲ့ သာဓု အနုမောဒနာနဲ့

အမျှအတမ်းကို ငါ့သမီးလေး ကြားနာရရှိနိုင်ဖို့

ကြိုးစားပါနော်၊ သွားနှင့်ဦးပေါ့ သမီးလေး

ရယ် ... သွားနှင့်ဦးပေါ့"

လို့ တီးတိုးရေရွတ်ရင်း မြေပေါ် ခွေလဲကျသွားရှာတယ်။

အသုဘပို့သူတွေဟာ ဒေါ်တင်မေကို စိုးရိမ်တကြီး ဝိုင်းဝန်းပြုစုကြကုန်တယ်။

အားချင်းဆိုသလို ဒေါက်တာတိုးနိုင်က ဒေါ်တင်မေကို အိမ်ပြန်ခေါ်သွားတယ်။

အိမ်ရောက်တော့ အိပ်ရာပေးမှာ လှဲစေပြီး အကြောဆေးပုလင်းချိတ်ထားပေးတယ်။

နတ်ကတော်နွဲ့နွဲ့နဲ့ အိမ်စေမိန်းကလေးနဲ့အတူ ဆွေမျိုး

www.burmeseclassic.com

www.burmeseclassic.com


တချို့ကပါ သူမကို စိုးရိမ်တကြီး စောင့်ကြည့်နေကြတယ်။

အကြောဆေးပုလင်း တစ်ဝက်ရောက်လုလုမှာတော့ ဒေါ်တင်မေဆီက ညည်းညူသံထွက်လာတယ်။

ဒီအချိန်မှာပဲ အိမ်ကြီးရဲ့ အောက်ထပ်ဆီမှ ...

"ဘယ်သူမှ မရှိကြဘူးလားဟေ့၊ ဘယ်ရောက်ကုန်ကြသလဲ"

ဆိုတဲ့ ဩရှရှအသံကြီးကို ကြားလိုက်ရတယ်။

အသံကြောင့် အိမ်စေမိန်းကလေးဟာ အောက်ထပ်ကို အပြေးတစ်ပိုင်း ပြေးဆင်းသွားတယ်။

ခဏကြာတော့ ဒေါ်တင်မေရှိရာ ရောက်လာပြီး ...

"အဘွားကြီးတစ်ယောက် ရောက်နေပါတယ် မေမေကြီး၊ မေမေကြီးနဲ့ တွေ့ချင်လို့တဲ့"

အိမ်စေမိန်းကလေးရဲ့ အပြောကြောင့် ဒေါ်တင်မေဟာ လေးလံနေတဲ့ မျက်ခွံတွေကို အားယူဖွင့်ကြည့်ရင်း ...

"အေး ... ခေါ်ခဲ့ ... အပေါ်ခေါ်ခဲ့လိုက်ပါ"

လို့ လေသံတိုးတိုးနဲ့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်စေမိန်းကလေး ထွက်သွားပြီး ပြန်လာတဲ့အခါမှာတော့ ...

"ညွှန့်သည်ရောက်ပါပြီ မေမေကြီး"

ဒေါ်တင်မေဟာ အိပ်ရာထက်မှ အသာလှမ်းကြည့်လိုက်တယ်။

အိမ်စေမိန်းကလေးနဲ့အတူ မားမားကြီးရပ်နေတဲ့ အဘွားအိုတစ်ဦးကို မြင်လိုက်ရတယ်။

ဒေါ်တင်မေဟာ အဘွားအိုရဲ့မျက်နှာကို စူးစိုက်ကြည့်ရင်း တုန်လှုပ်အံ့သြဟန်နဲ့ 'ဟင်' ခနဲ ရေရွတ်လိုက်တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်တာစ်မေ တွေ့တာ တယ်သူလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

**မင်းတောရွာရှိ** သူကြီးဦးပွင့်ရဲ့ နေအိမ်မှာတော့ အင်္ဂဝိဇ္ဇာ ဆရာမြိုင်ရဲ့ကြိမ်သံနဲ့အတူ မြပွင့်ရဲ့ အော်ဟစ်ငိုယိုသံတွေ ပွက်လောရိုက် ဆူညံနေတယ်။

မြပွင့်ကို တစ်ဖက်သတ် ချစ်ကြိုက်နေတဲ့ အေးသာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် သူကြီးအိမ်အောက်မှာ ဖင်တကြွကြွ ဖြစ်နေရှာတယ်။

"ဆရာမြိုင်ကလည်းဗျာ၊ အပနှင်တာ လူကို သေမတတ် ရိုက်နှက်နေတယ်၊ ကျုပ်မြပွင့်လေး သနားပါတယ်၊ သူ့ငိုသံက ကျုပ်အသည်းကို အပ်နဲ့ဆွသလိုပဲဗျ"

အေးသာရဲ့စကားကြောင့် ကာလသားခေါင်း လူပျိုကြီးက ...

"ဟကောင်ရ ... အနှောင်အဖွဲ့ချွတ်တာ ဒီလောက်တော့ ရှိမှာပေါ့ကွ၊ မြပွင့်က တစ်ချိန်လုံး အရစ်ရှစ်မျက်နှာ ကြားလောက်အောင် အော်ဟစ်ငိုယိုနေတာ မင်းမသိဘူးလား၊ မြပွင့်ကောင်းဖို့အတွက် ဆရာမြိုင်က ကုပေးနေတာကွ၊ မင်း ဘာမှ စိုးရိမ်မနေနဲ့"

လို့ ပြောလိုက်တယ်။

ဒီအချိန် အိမ်ကြီးပေါ်မှာတော့ ဆရာမြိုင်ဟာ နတ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com


ကြိမ်ကြီးတကိုင်ကိုင်နဲ့ ...

"ငါဆရာရဲ့ အမိန့်ကို မနာခံရအောင် မင်းက ဘာကောင်မို့လဲကွ၊ ခုချက်ချင်း ငါ့ရှေ့မှောက် ခစားဝင်စမ်း၊ ဆရာမြိုင် ဘယ်လောက်ထိ ကြမ်းသလဲဆိုတာ မင်းတို့သိတယ်နော်၊ ခ,စားစမ်း ... ခုချက်ချင်း ခစားစမ်း"

လို့ ကြုံးဝါးရင်း မြပွင့်ကို 'ရွှမ်း' ခနဲ ရိုက်ချလိုက်တယ်။

"အောင်မယ်လေးတော့် ကြောက်ပါပြီ ဆရာကြီးရဲ့၊ ကျွန်မ မြပွင့်ပါ၊ မြပွင့်ပါ ဆရာကြီးရဲ့၊ မရိုက်ပါနဲ့တော့ ရှိကြီးခိုးပါရဲ့ရှင် ... အီး ... ဟီး ... ဟီး"

"ဟား ဟား ဟား ... ဆရာမြိုင်တို့က အနှောင့်နှင်လာတာ အံတိုနေပြီကွ၊ နင်တို့ဟာ လူတွေကို ငိုစေ,ရယ်စေ ပြုတတ်ကြတယ်၊ နင်တို့ငိုတိုင်း သနားမယ်ထင်သလားကွ၊ ဆရာမြိုင်ကွ, ဆရာမြိုင် ... ဒါမျိုး ဘယ်ရမလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမြိုင်ဟာ လက်သီးလက်မောင်းတန်း ကြွေးကြော်ရင်း နတ်ကိုင်ကြိမ်နဲ့ မရပ်မနား ရိုက်ချလိုက်တယ်။

သူကြီးဦးပွင့်တစ်ယောက် မျက်နှာအကြီးအကျယ် ပျက်နေသလို အေးသာသည်လည်း ပုဆိုးမ,လျက် တက်တစ်ခေါက်ခေါက် ရှိနေချေပြီ။

"ဒီလောက် ရိုက်နှက်နေတာ ကြာရင် အနှောင့်မထွက်ဘဲ ကျုပ်မြပွင့်လေး အသက်ထွက်လိမ့်မယ်ဗျ၊ ကျုပ် သွားတားမယ်ဗျာ" လူပျိုကြီးက အေးသာရဲ့လက်ကို လှမ်းဆွဲလိုက်ပြီး ...

"ဟဲ့ကောင်၊ မင်းသွားလို့ ဘယ်ဖြစ်မလဲကွ၊ အိမ်ပေါ်မှာ သူကြီးဦးပွင့် တစ်ယောက်လုံး ရှိနေတဲ့ဟာ၊ သူ့သမီးသေမယ့် အရေးတော့ ဖအေက လက်ပိုက်ကြည့်မနေပါဘူးကွ၊ လာကွာ ... လာ လာ ... ငါတို့ ထန်းတောဘက် သွားရအောင်၊ စိတ်ကို လျှော့လိုက် အေးသာရ" လို့ ဖျောင်းဖျရင်း ဆွဲခေါ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးရဲ့အိမ်ပေါ်မှာတော့ မြပွင့်တစ်ယောက် သွေးစို့နေတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့အတူ ...

"တော်ပါတော့ ဆရာကြီးရဲ့၊ ကျုပ် အသက်ထွက်ရပါတော့မယ်၊ မရိုက်ပါနဲ့ ... မရိုက်ပါနဲ့"

လို့ လက်တကာကာပြောရင်း အကြောက်ကြီးကြောက်ကာ မေ့မြောသွားရှာတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"မြွှင့်တို့ ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

**ရွာလုံးကျွတ်မျှ** လူအုပ်ကြီးက သူကြီးအိမ်နဲ့ ခြံဝိုင်းထဲ ရောက်ရှိနေကြပြီ။

သူကြီးဦးပွင့်ရဲ့ ရွာသူတချို့ဟာ မြပွင့်အနီး စိုးရိမ်တကြီး ဝိုင်းကြည့်နေကြသလို အင်္ဂဝိဇ္ဇာ ဆရာမြိုင်ကတော့ ကွမ်း

www.burmeseclassic.com

www.burmeseclassic.com


တစ်ရာကို ပါးစောင်ထဲ ပစ်ထည့်ရင်း ခြေလှမ်းကျဲကြီးနဲ့ အိမ်အောက်ကို ဆင်းသွားတယ်။

ဆေးဆရာဦးပြောင်ကြီးဟာ မေ့မြောနေတဲ့ မြပွင့်ကို စမ်းသပ်ကြည့်ရှုရင်း မျက်နှာအကြီးအကျယ်ပျက်သွားတယ်။

ပြီးတော့ စိတ်မကောင်းဟန်နဲ့ ခေါင်းခါယမ်းလျက် ...

"ကျုပ်အထင်တော့ မြပွင့် ... မြပွင့်ကို ကယ်လို့မရတော့ဘူးဗျ၊ သူကြီးတို့ စီစဉ်စရာရှိတာ စီစဉ်ကြပါတော့ဗျာ"

လို့ ရင်ခေါင်းသံကြီးနဲ့ မချိတင်ကဲ ရေရွတ်လိုက်တယ်။

လေးကန်တဲ့ခြေလှမ်းနဲ့ ဆရာပြောင် ထွက်သွားတဲ့အခါ သူကြီးအိမ်ထဲ အပျိုတစ်သိုက်ရဲ့ အော်ဟစ်ငိုကြွေးသံတွေ ညံညံစီသွားတယ်။

သူကြီးဦးပွင့်တစ်ယောက် မျက်နှာကြီးနီရဲလျက် မျက်ရည်တွေ စို့တက်နေတယ်။

လူကြီးပိုင်းတချို့က သူကြီးကို ဝိုင်းဝန်းပြီး နှစ်သိမ့်စကား ဆိုနေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြပွင့်သေဆုံးပြီဆိုတဲ့သတင်းက ထန်းတောမှာရှိတဲ့ အေးသာရဲ့နားကို ရောက်သွားတဲ့အခါ ...

"ဖြစ်ရလေ မြပွင့်ရယ်၊ ကျုပ်မပြောဘူးလား ဗျ၊ ဟို ... ဆရာကြီးက မြပွင့်ကို သတ်လိုက်တာ၊ ဒင်း ... မတရားရိုက်နှက်လို့ မြပွင့် သေရတာဗျ"

အေးသာတစ်ယောက် သွေးရူးသွေးတန်း အော်ဟစ်ရင်း အကြီးအကျယ် ပေါက်ကွဲတော့တယ်။

အင်္ဂလိပ်စာဆရာမြိုင်က သူကြီးဦးပွင့်ကို စိတ်မကောင်းဟန်နဲ့ ...

"ကျုပ်လည်း နတ်ကိုင်ကြိမ်အစွမ်းနဲ့ အစွမ်းကုန် ကယ်တင်ခဲ့တာပါ သူကြီးရယ်၊ ဒါပေမဲ့ ... မိန်းကလေးရဲ့ ကံဇာတာက ကျုပ် ကယ်လို့မရအောင် နိမ့်ပါးနေပြီ၊ ဒီအတွက် ... ကျုပ် တကယ်ကို စိတ်မကောင်းဖြစ်မိပါတယ်" လို့ ရေရွတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသားတစ်သိုက်ဟာ အားချင်းဆိုသလို လေးတိုင်စင်ရိုက်ကြပြီး မြပွင့်ကို သယ်မ,ကြကာ စင်ပေါ်တင်လိုက်ကြလေ၏။

သူကြီးဦးပွင့်ရဲ့အိမ်ဟာ နေ့ချင်းညချင်းဆိုသလို အသုဘအိမ်အဖြစ် အသွင်ပြောင်းလဲသွားတယ်။

ခြံဝိုင်းထဲ ကုလားဖျင်းကြီးနဲ့ မြပွင့်ရဲ့ အလောင်းစင်ကဟီးထနေလေ၏။

အလောင်းစင်နံဘေးရှိ ကွပ်ပျစ်ပေါ်မှာတော့ ကာလသားတစ်သိုက်ဟာ ဖဲဝိုင်းအတွက် ပြင်ဆင်နေကြတယ်။

သူကြီးဦးပွင့်တစ်ယောက် သမီးစိတ်နဲ့ အိပ်ရာထဲ လဲနေချိန် အင်္ဂဝိဇ္ဇာဆရာမြိုင်ဟာ နတ်ကိုင်ကြိမ်ကြီးတကိုင်ကိုင်နဲ့ အိမ်အနှံ့ ရေစင်တွေ ဖျန်းပက်နေတယ်။

ရွာသူတွေကတော့ မီးဖိုဆောင်ဘက်မှာ ဝိုင်းဖွဲ့ပြီး မြပွင့်သေဆုံးပုံကို ပြောမဆုံးနိုင်အောင် ရှိနေကြတယ်။

ကာလသားတစ်သိုက်ရဲ့ အစီအမံကောင်းမှုကြောင့် အစ်ဆက်ရွာမှ ရွာသားတွေပါ တဖွဲဖွဲရောက်လာကြပြီး ဖဲရိုက်ဖို့ ပိုမို

www.burmeseclassic.com

www.burmeseclassic.com



စည်ကားလာတယ်။

အလောင်းစင်ရဲ့ မျက်စောင်းထိုးလောက်ရှိ အုန်းပင်အောက်မှာတော့ သက်ကြီးပိုင်း အဘိုးအိုတချို့ အကြမ်းအိုးနဲ့ ဝိုင်းဖွဲ့ထိုင်နေကြတယ်။

"လောကမှာ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီဆိုတဲ့ စကားဟာ တယ်မှန်တာပဲဗျ ...၊

ကျုပ်ဖြင့် ဒီကလေးမကို ခုလို ဖြစ်သွားလိမ့်မယ်လို့ .လုံးဝမထင်ခဲ့ဘူး၊ လိမ္မာရေးခြားရှိတဲ့ ကလေးတစ်ယောက် အသေစောရတာ သိပ်နမြောဖို့ ကောင်းတယ်ဗျာ"

အဘိုးအိုတစ်ယောက်ရဲ့စကားကို ကျန်တစ်ယောက်က...

"မှန်ပါ့ ကိုရင်ရယ်၊ မြပွင့်လေးဟာ စိတ်ထား သိပ်ကောင်းတဲ့ ကလေးဗျ၊ ရပ်ရေးရွာရေး ကုသိုလ်ရေးမှာဆိုလည်း ရှေ့ဆုံးကပဲ၊ လူကြီး

www.burmeseclassic.com

www.burmeseclassic.com


သူမလည်း သိတတ်လိုက်ပါ့၊ ရင်ထဲမှာ မချိဘူး

ဗျာ၊ ဦးပွင့်တစ်ယောက် အတော့်ကို ခံစားနေရ

မှာ"

အဘိုးအိုများ ထိုသို့ ပြောဆိုနေစဉ် ဖဲဝိုင်းမှာ ကာလသား တစ်သိုက်မှာ ဝိုင်းကောင်းလျက် တစ်ယောက်တစ်ပေါက် ငြင်းဆန်သံများပင် ထွက်ပေါ်လာ၏။

ထိုစဉ် ...

အလောင်းစင်ကို ကျောပေးထိုင်နေသော တခြားရွာမှ ရွာသားတစ်ယောက်သည် ကျောဆီမှ ယားယံမှုကြောင့် ...

"ဟေ့ကောင် မြကြီး ... ငါ ကျောယားလို့ကွ၊

မင်း တစ်ချက်လောက် ကုတ်ပေးစမ်းပါ"

လို့ ဖဲချပ်တွေကို အာရုံစိုက်နေရာက ပြောလိုက်တယ်။

ဘေးမှာထိုင်ကြည့်နေတဲ့ မြကြီးက သူ့နောက်ကျောကို လှမ်းကြည့်ပြီး ကုတ်ပေးဖို့ ပြင်လိုက်တယ်။

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် မြကြီးတစ်ယောက် တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထ,သွားတယ်

www.burmeseclassic.com

www.burmeseclassic.com



အလောင်းစင်ပေါ်ရှိ မသာဟာ ခေါင်းထောင်လျက် လှုပ်ရှားလာတယ်။

မြကြီးတစ်ယောက် အသက်မရှူမိလောက်အောင် ဖြစ်သွားပြီး ...

"မ ... မသာကြီး ... မသာကြီး ... ထ ...

ထလာပြီ ... ထလာပြီ"

လို့ ငယ်သံပါမတတ် အော်ဟစ်လိုက်တယ်။

၎င်းရဲ့အသံကြောင့် ဆူညံနေတဲ့ ဖဲသမားတစ်အုပ်ဟာ အသံဗလံတွေ ငြိမ်ကျသွားတယ်။

အလောင်းစင်ကို ပြိုင်တူကြည့်မိတဲ့အခါမှာတော့ ...

"ဟာ ... ဟုတ်တယ်၊ မသာကြီး ထလာပြီ ... ထလာပြီဟေ့၊ ပြေး ... ပြေးကြဟ"

ဖဲဝိုင်းတစ်ခုလုံး ဗရုတ်ဗယက်ဖြစ်သွားပြီး တခြားရွာသားတွေဟာ ထပြေးကုန်ကြတယ်။

အသံဗလံတွေကြောင့် အိမ်ပေါ်မှာရှိနေတဲ့ အင်္ဂါရွာဆရာမြိုင်ဟာ မျက်မှောင်ကြုတ်သွားသလို သူကြီးမီးပွင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက ပြေးထွက်လာတယ်။

ရွာသူတွေဟာ မြပွင့်ရဲ့အလောင်းကို အဝေးမှ လှမ်းကြည့်ရင်း ကြောင်အမ်းကုန်ကြတယ်။

"အား အဖေရေ ... ကျုပ် ... ကျုပ်ကို ရေပေးပါ အဖေရဲ့"

ငုပ်တုတ်ထိုင်ရင်း ပြောလိုက်တဲ့အလောင်းကြောင့် သူကြီးဦးပွင့်က အိမ်ပေါ်က ပြေးဆင်းလာရင်း ...

"ဟင် ... ငါ့သမီးလေး, ငါ့သမီးလေး မသေဘူး, မသေဘူး ...ဟ"

ရွာသူတစ်သိုက်ဟာ သူကြီးဦးပွင့်ရဲ့စကားကြောင့် အလောင်းစင်ရှိရာ ပြေးလာကြပြီး ...

"ဟယ် ဟုတ်ပါ့ ... မြပွင့်, မြပွင့်မသေဘူး"

လို့ ဝမ်းသာအားရ အော်ဟစ်လိုက်ကြတယ်။

ရွာသူတစ်ယောက်က ရေပြေးခပ်ရင်း မြပွင့်ကို တိုက်လိုက်တယ်။

သူကြီးဟာ မျက်ရည်စို့မတတ် ပျော်ရွှင်မှုနဲ့အတူ သမီး

www.burmeseclassic.com

www.burmeseclassic.com



ကို ပွေ့ဖက်ရင်း ...

"ဝမ်းသာလိုက်တာ သမီးရယ်၊ ငါ့သမီး လေး တကယ် မသေဘူးနော်၊ အဖေ ပျော်လိုက် တာ၊ ပျော်လိုက်တာ သမီးရယ်"

လို့ တဖွဖွ ရေရွတ်လိုက်တယ်။

ဒီအချိန်မှာပဲ အင်္ဂဝိဇ္ဇာဆရာမြိုင်ဟာ သူကြီးဦးပွင့်ကို အတင်းဆောင့်ဆွဲလိုက်တယ်။

မြပွင့်တစ်ယောက် နတ်ကိုင်ကြိမ်ကြီးကိုင်ပြီး သူမကို စူးစိုက်ကြည့်နေတဲ့ ဆရာမြိုင်ကို မြင်တဲ့အခါ မျက်နှာမှာ သွေး မရှိလောက်အောင် ဖြူဖတ်သွားတယ်။

အင်္ဂဝိဇ္ဇာဆရာမြိုင်က အသံဝါကြီးနဲ့ ...

"ဒါဟာ ... မြပွင့်ရဲ့အသက် မဟုတ်ဘူး၊ မကောင်းဆိုးရွားရဲ့ အသက်ပဲ၊ ဒီအချိန်မှာ စောင့်နေတာကွ ... စောင့်နေတာ၊ နင်နဲ့ငါ ထိပ် တိုက်တွေ့ကြပြီပေါ့၊ အဝိဇ္ဇာဆရာမြိုင်တဲ့ဟေ့ ... လာခဲ့စမ်း"

www.burmeseclassic.com

www.burmeseclassic.com



လို့ ကြုံးဝါးပြီး မြပွင့်ကို ဆောင့်ဆွဲခေါ်လိုက်တယ်။ မြပွင့်တစ်ယောက် အကြီးအကျယ် ထိတ်လန့်သွားပြီး

"အောင်မယ်လေး နတ်ကိုင်ကြိမ်ကြီးနဲ့
ကျုပ်ကို ထပ်ပြီး နှိပ်စက်ဦးမလို့လား၊ မလုပ်ပါ
နဲ့၊ ကျုပ် မကောင်းဆိုးရွား မဟုတ်ဘူး၊
မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

လို့ ကြောက်ရွံ့တကြီး အော်ဟစ်ကာ ဆရာမြိုင်ကို ဆောင့်တွန်းထုတ်လိုက်တယ်။

မထင်မှတ်တဲ့အဖြစ်ကြောင့် ဆရာမြိုင်ဟာ မြေပေါ် နောက်ပြန်လဲကျသွားတော့တယ်။

"ဩော် ... နင်က ငါ့ကို ပညာစမ်းပြီပေါ့၊
လောကမှာ အင်္ဂဝိဇ္ဇာဆရာမြိုင်ကို ဘယ်သူမှ
ကျော်လို့မရဘူးကွ၊ ငါ့ရဲ့ နတ်ကိုင်ကြိမ်နဲ့
နင့်ကို မသေမချင်း ရိုက်သတ်ပစ်မယ်
မကောင်းဆိုးဝါးကောင်ရဲ့"

ဆရာမြိုင်ရဲ့ဒေါသတကြီး ကြုံးဝါးသံကြောင့် မြပွင့်

www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက် အခြေအနေမဟန်မှန်း ရိပ်စားမိသွားတယ်။

ဒါကြောင့် အလောင်းစင်ပေါ်က ခုန်ဆင်းပြီး ခြေဦးတည့်ရာ ထွက်ပြေးတော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

“နှုတ်ကိုင်ကြိမ်ရဲ့လက်က မြှွင့် လွှတ်ပါ့မလား?”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

“လိုက်စမ်း ... သူ့နောက်ကို လိုက်ကြ၊ အဲဒါ ... မကောင်းဆိုးဝါးပဲ၊ ခင်ဗျားသမီး မဟုတ်ဘူး သူကြီး၊ ကျုပ်တို့ နောက်ကျရင် ခင်ဗျားသမီးရဲ့အသက်ကို မကောင်းဆိုးဝါးက

www.burmeseclassic.com

www.burmeseclassic.com



နုတ်သွားလိမ့်မယ်"

ဆရာမြိုင်ရဲ့အသံကြီးကြောင့် သူကြီးဦးပွင့်နဲ့ ရွာသူရွာသားတွေဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။

ပြီးတော့ မီးတုတ်ကိုယ်စီ ဆွဲကိုင်ရင်း မြပွင့်နောက်ကို ပြေသံပေး လိုက်သွားကြတယ်။

ဆရာမြိုင်ဦးဆောင်တဲ့ ရွာသားတွေရဲ့ပြေသံပေး ချီတက်သံကြောင့် မြပွင့်တစ်ယောက် အကြီးအကျယ် သွေးလန့်သွားတယ်။

တစ်ကိုယ်လုံး မသယ်ချင်လောက်အောင် အားအင်ဆုတ်ယုတ်နေပေမယ့် ဆရာမြိုင်ရဲ့ နုတ်ကိုင်ကြိမ်ကို ကြောက်ရွံ့တဲ့အတွက် ခြေလှမ်းကို အရှိန်ပိုမြှင့်လိုက်တယ်။

သူမဟာ ရွာလမ်းအတိုင်း မှောင်ရိပ်ခိုပြီး ပြေးလွှားသွားတယ်။

သူမ ရှိသမျှ အားကုန်သုံးပြီး ရွာထိပ်ဘက် ပြေးလွှားနေမိတယ်။

ပြေးလွှားရင်း ခြေကုန်လက်ပမ်းကျလာသည့် အသက်

www.burmeseclassic.com

www.burmeseclassic.com


ရှူ မရလောက်အောင် ရင်ထဲမွန်းကျပ်လာတယ်။

သူမရဲ့ခြေထောက်တွေ တဆတ်ဆတ် တုန်ယင်လာပြီး ရွာထိပ်ကုက္ကိုပင်ကြီးအောက်အရောက်မှာတော့ ဘိုင်းခနဲ ပြို လဲကျသွားရှာတယ်။

ဒီအချိန်မှာပဲ အပင်ကြီးရဲ့အနောက်က လူရိပ်တစ်ခု လှုပ်ရှားသွားတယ်။

"အချိန်မတော်ကြီးထဲ ဘာလို့ ဒီလောက် ပြေးလွှားနေရတာလဲ မိန်းကလေး၊ ကဲ ... ရော့ ရော့ ဒီရေလေးကို သောက်လိုက်ပါ၊ ပြီးရင် ... ဘာကြောင့်ပြေးရသလဲဆိုတာ ပြောပြပါ လားကွဲ့"

ကြည်လင်အေးချမ်းတဲ့ အသံနဲ့အတူ ဘူးသီးခြောက် ရေဘူးလေးက သူမမျက်နှာရှေ့ ရောက်လာတယ်။

သူမအသက်ကို ဝအောင်ရှူရင်း မော့ကြည့်လိုက်တဲ့ အခါ မျက်နှာစိမ်း အဘွားအိုတစ်ဦးကို တွေ့ရတယ်။

သူမ ရေကို အငမ်းမရ ယူသောက်ရင်း ...

www.burmeseclassic.com

"ကျေး ... ကျေးဇူးတင်ပါတယ် အဘွား

ရယ်၊ ကျွန်မက ဟောဒီရွာက သူကြီးသမီး မြ

မြပွင့်ပါ"

လို့ပြောပြီး ဆရာမြိုင်လိုက်တဲ့အကြောင်းကို အတိုချုံး ရှင်းပြလိုက်တယ်။

ဒီအချိန်မှာပဲ အင်္ဂဝိဇ္ဇာဆရာမြိုင်နဲ့ မီးတုတ်ကိုင်ရွာသား တွေ ရောက်ရှိလာတယ်။

သူကြီးဦးပွင့်ဟာ မြပွင့်ရှိရာ ပြေးလာဖို့ပြင်တဲ့အခါ ဆရာမြိုင်က လက်ကို ဆောင့်ဆွဲလိုက်ရင်း ...

"ဟား ဟား ဟား ... မကောင်းဆိုးဝါး

ကောင်၊ နင် ငါ့လက်က ပြေးမလွတ်ဘူး၊ ငါ့ရဲ့

နတ်ကိုင်ကြိမ်အစွမ်းနဲ့ နင့်ကို ဒဏ်ခတ်ပစ်မယ်၊

ဟား ... ဟား ... ဟား"

ဆရာမြိုင်တစ်ယောက် နတ်ကိုင်ကြိမ်ကို ဝှံ့ရင်း ကုက္ကိုင်း ပင်ကြီးရှိရာ လျှောက်လာတယ်။

မြပွင့်ဟာ ကြောက်လွန်းလို့ တွန်းဖယ်ပြီး အဘွားအိုရဲ့

www.burmeseclassic.com

www.burmeseclassic.com


အားကိုးတကြီး ဆုပ်ကိုင်လိုက်တယ်။

အဘွားအိုက သူမရဲ့လက်ကို တွန်းဖယ်ပြီး ဆရာမြိုင်ရှိရာ လျှောက်သွားတယ်။

ဒီအချိန်မှာပဲ သူကြီးဦးပွင့်ဟာ မီးတုတ်အလင်းရောင်အောက်မှာမြင်ရတဲ့ အဘွားအိုရဲ့မျက်နှာကိုကြည့်ရင်း အံ့ဩထိတ်လန့်နဲ့ ...

"ဟင် ... ခင်, ခင်ဗျား ... ဒေါ်အိုစာ, ဒေါ်အိုစာ မဟုတ်လား"

လို့ လက်ညှိုးထိုး ရေရွတ်လိုက်တယ်။

အဘွားအိုက သူကြီးဦးပွင့်ကို မြင်တွေ့သွားပြီး ...

"ဟုတ်တယ် ပွင့် ... ငါက တစ်ချိန်က ဟောဒီ ရွာလေးမှာ အရပ်လက်သည်အနေနဲ့ နေထိုင်ခဲ့တဲ့ ဒေါ်အိုစာပဲ"

လို့ ပြောလိုက်တဲ့အခါ ဦးပွင့်ဟာ ဒေါ်အိုစာရှိရာ အပြေးတစ်ပိုင်း လျှောက်လာရင်း ...

"ဒေါ်အိုစာ ... ခင်ဗျား ဘယ်လိုလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com


ရွာကို ပြန်ရောက်လာတာလဲ၊ ကျုပ် ... ကျုပ်တို့က ခင်ဗျားမရှိတော့ဘူးလို့တောင် ထင်နေကြတာ"

ဒေါ်အိုစာက သူကြီးရဲ့မျက်နှာကို ငေးစိုက်ကြည့်ရင်း

"ငါ ... ဒီရွာကို ရောက်လာတာ နင့်ကို သတင်းတစ်ခု ပေးချင်လို့ လာခဲ့တာ ငပွင့်၊ အဲဒီသတင်းက နင့်သမီးအကြီးမ ဆုံးပြီဆိုတဲ့ အကြောင်းပဲ"

လို့ပြောလိုက်တဲ့အခါ သူကြီးဦးပွင့်ဟာ အကြီးအကျယ် ထိတ်လန့်သွားတယ်။

"ဘာ ... ကျုပ်သမီးအကြီးမ ဆုံးပြီဟုတ်လား၊ သေ ... သေချာရဲ့လား ဒေါ်အိုစာရယ်၊ သူ့ဌေးလင်မယားက ကျုပ်သမီးကို သေချာ မစောင့်ရှောက်ကြဘူးလား"

ဒေါ်အိုစာက မျက်ရည်ဝေ့ဝဲနေတဲ့ မျက်ဝန်းနဲ့ ငေးစိုက်ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အဟောင်းတွေ အသစ်မဖြစ်စေချင်ပေမယ့် ဒီအချိန်မှာ လိုအပ်လို့ ငါပြောပြမယ် ပွင့်၊ နင့်မိန်းမဟာ မီးတွင်းထဲမှာ ကလေးအမြွှာနှစ်ယောက်ကို မွေးရင်း ငါ့လက်ပေါ်မှာပဲ သေဆုံးခဲ့ရတာ နင်အသိပါ၊ အဲဒီတုန်းက နင်တို့မွေးတဲ့ ကလေးနှစ်ယောက်ဟာ အမြွှာပေမယ့် ငါမပြောဖြစ်ခဲ့တဲ့အကြောင်းက ကလေးနှစ်ယောက်ဟာ အချင်းတစ်ခုတည်းကနေ မွေးလာကြတယ် ဆိုတာပဲ"

လို့ ပြောလိုက်တဲ့အခါ သူကြီးဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ...

"ဘာ ... အချင်းတစ်ခုတည်းက မွေးတာ ဟုတ်လား၊ အဲ ... အဲဒီတော့ ဘာဖြစ်သလဲ ဒေါ်အိုစာ"

လို့ မေးလိုက်တယ်။

"အချင်းတစ်ခုတည်းက မွေးတဲ့ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ တစ်ယောက်က ငိုရင် ကျန်တစ်ယောက်က ငိုမယ်၊ တစ်ယောက်က ရယ်ရင် နောက်တစ်ယောက်ကပါ ရယ်မောတတ်တယ်၊ တစ်ယောက်က ခေါင်းကိုက်ရင် ကျန်တစ်ယောက်ကပါ ခေါင်းကိုက်ခဲတဲ့ ဝေဒနာကို ခံစားရတတ်တယ် ...၊

နင့်သမီးကြီးဟာ မွေးရာပါ နှလုံးဝေဒနာရှင်တစ်ယောက်ပါ၊ အဲဒီရောဂါနဲ့ပဲ လွန်ခဲ့တဲ့ရက်ပိုင်းက သူသေဆုံးခဲ့ရတယ် ...၊

မြပွင့်ဆီက တစ်ဆင့် နင်တို့ရဲ့အဖြစ်အပျက်ကို ငါအားလုံး သိပြီးပါပြီ၊ တကယ်တော့ မြပွင့်ဟာ အနှောင့်ဝင်တာ မဟုတ်ပါဘူး ...၊

တစ်ဖက်မှာ သူ့အစ်မ ခံစားနေရသလို သူကိုယ်တိုင် ခံစားရတဲ့အတွက် ဒီလိုမဖြစ်သင့်တဲ့ အကြောင်းတွေ ဖြစ်ပေါ်ခဲ့ရတာပါ"

ဒေါ်အိုစာက ထိုသို့ရှင်းပြပြီးနောက် အင်္ဂလိပ်ဆရာမြင့်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့မျက်နှာကို စေ့စေ့ကြည့်လိုက်တယ်။

"မည်းမည်းမြင်တိုင်း တစ္ဆေထင်တဲ့ ရှင်တို့လို လူစားတွေကြောင့် လူကောင်းတွေ ဘယ်နှယောက်များ ဒုက္ခရောက်ရောက်ပြီးပြီလဲ ဆရာမြိုင် ...၊

ရှင့်ရဲ့အလုပ်ကို ကျုပ် မပြောလိုပေမယ့် စဉ်းစားဆင်ခြင်တုံတရားနည်းပါးတဲ့စိတ်ဓာတ်ကိုတော့ သိပ်ရွံမိတယ်၊

ရှင့်ရဲ့လူမဆန်စွာ ရိုက်နှက်မှုတွေကြောင့် မတော်တဆများ မြပွင့်လေး သေဆုံးသွားခဲ့ရင် ရှင်ဟာ လူသတ်မှုနဲ့ ကြိုးစင်တက်ရမယ် ဆိုတာ သိရဲ့လား ...၊

မြပွင့်ဘက်က မကျေနပ်လို့ တိုင်တန်းရင်လည်း ရှင်ဟာ လက်ထိတ်တန်းလန်းနဲ့ အချုပ်ခန်းကို မြန်းရနိုင်တယ်ဆိုတာရော ရှင်သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ အင်္ဂဝိဇ္ဇာဆရာမြိုင်ဟာ ဘာစကားမှ မပြောနိုင်လောက်အောင် ငြိမ်ကျသွားတယ်။

ပြီးတော့ သူကြီးဦးပွင့်ရှိရာ လျှောက်သွားပြီး ...

"ကျုပ် တောင်းပန်ပါတယ် သူကြီး ...၊

ကျုပ် စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိလို့ ခုလိုတွေ ဖြစ်သွားရတာပါ ...၊

ကျုပ်ကို ခွင့်လွှတ်ပေးပါ သူကြီး"

လို့ တောင်းပန်စကား ရေရွတ်လိုက်တယ်။

သူကြီးဦးပွင့်ဟာ မည်သို့မျှ မပြောဘဲ သက်ပြင်းကိုသာ ချလိုက်မိတယ်။

BURMESE CLASSIC

ဆရာမြိုင်ဟာ ထိုနည်းအတူ မြပွင့်ကိုပါ မျက်နှာငယ်လေးနဲ့ တောင်းပန်စကားဆိုပြန်တယ်။

ပြီးတဲ့အခါမှာတော့ ...

အင်္ဂဝိဇ္ဇာဆရာမြိုင်ဟာ နတ်ကိုင်ကြိမ်ကြီးကို ဖြောင်းခနဲမြည်အောင် ရိုက်ချိုးလိုက်တယ်။

လူအားလုံး အံ့အားသင့်နေစဉ်မှာပဲ ဆရာမြိုင်ဟာ နတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကြိမ်ကို ချုံပုတ်ထဲ လွှင့်ပစ်လိုက်တယ်။

ပြီးတော့ ...

မင်းတောရွာသူရွာသားအပေါင်းကို ကျောခိုင်းပြီး တရွေ့ရွေ့ ထွက်ခွာသွားတော့တယ်။

□□□

“နတ်ကိုင်ကြိမ်”

မအိုစာ

www.burmeseclassic.com